# ဆရာများအတွက်အမှာစာ

ဤအမှာစာတွင် ဆရာလမ်းညွှန်စာအုပ်မိတ်ဆက် (Introduction)၊ သင်ခန်းစာအစီအစဉ်များ (Lesson Plans) နှင့် ဝေါဟာရအဓိပ္ပာယ်ရှင်းလင်းချက် (Glossary of Words) ဟူ၍ အဓိကအပိုင်း ၃ ပိုင်းပါရှိသည်။

## ၁။ ဆရာလမ်းညွှန်စာအုပ်မိတ်ဆက်

ဆရာလမ်းညွှန်စာအုပ်မိတ်ဆက်တွင်ဆရာများသိရှိထားသင့်သောအောက်ပါအကြောင်းအရာများ ပါဝင်သည်။

(က) ကျောင်းသားဗဟိုပြုသင်ကြားနည်းပညာကိုခြုံငုံတင်ပြခြင်း

(ခ) ထိရောက်သောသင်ကြားသင်ယူမှုအတွက်အခြေခံစည်းမျဉ်းများ

(ဂ) ဘလွန်းမ်၏သင်ယူမှုအဆင့်ခွဲခြင်း (Bloom's Taxonomy)

(ဃ) သင်ခန်းစာသင်ကြားခြင်းအဆင့်ဆင့်တွင် မေးမြန်းနိုင်သောမေးခွန်းများ

(င) စာသင်ခန်းအဆင့်တတ်မြောက်မှု စစ်ဆေးအကဲဖြတ်ခြင်းကို ခြုံငုံတင်ပြခြင်း

(စ) ၂၁ရာစုကျွမ်းကျင်မှုများ (21stCentury Skills) နှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills)

(ဆ) အလယ်တန်းနှင့် အထက်တန်းအဆင့် စာသင်ခန်းများအတွင်း လူမှုရေးရှုထောင့်များကို ခြုံငုံတင်ပြခြင်း

(ဇ) သင်ရိုးမာတိကာ (Syllabus) နှင့် စာသင်နှစ် တစ်နှစ်စာသင်ခန်းစာအစီအစဉ် (Year Plan)

## (က) ကျောင်းသားဗဟိုပြုသင်ကြားနည်းပညာကိုခြုံငုံတင်ပြခြင်း

ကျောင်းသားဗဟိုပြုသင်ကြားသည့် အလယ်တန်းနှင့် အထက်တန်းအဆင့် စာသင်ခန်းများတွင် အောက်ဖော်ပြပါ အဓိကအချက်များကို လေ့လာတွေ့ရှိနိုင်ပါသည်။

- သင်ခန်းစာများသည် စိတ်ဝင်စားဖွယ်ကောင်းပြီး ကျောင်းသားများ၏ လက်တွေ့ဘဝနှင့် ဆီလျော်၍ အဓိပ္ပာယ်ပြည့်ဝမှုရှိသည်။
- ကျောင်းသားများသည် တက်ကြွစွာသင်ယူကြပြီး သင်ကြားမှုပုံစံများတွင် အတန်းဖော်များနှင့် ပူးပေါင်းဆောင်ရွက်ကြသည်။
- ဆရာများသည် ကျောင်းသားများအတွက် လက်တွေ့ဘဝတွင် တွေ့ကြုံနိုင်သည့် အခက်အခဲ

DBE BOX - Copyright Protected

ပြဿနာများ ဖြေရှင်းရသည့်အခြေအနေများနှင့် စိန်ခေါ်မှုများကို စီစဉ်ဖန်တီးပေးသည်။

- ကျောင်းသားများသည် ပြဿနာဖြေရှင်းခြင်း (problem solving) နှင့် အဆင့်အတန်းမြင့်မားစွာ ဆန်းစစ်တွေးခေါ်ခြင်း (higher level critical thinking) ဆိုင်ရာ ကျွမ်းကျင်မှုများ တိုးတက်လာသည်။
- ဆရာက ကျောင်းသားများအား ရှင်းပြသည်။ မေးခွန်းများမေးသည်။ နားထောင်သည်။ ကျောင်းသားများကလည်း အချင်းချင်း ဆွေးနွေးကြသည်။ မေးခွန်းများ မေးကြသည်။ နားထောင်ကြသည်။

## (ခ) ထိရောက်သောသင်ကြားသင်ယူမှုအတွက်အခြေခံစည်းမျဉ်းများ

ထိရောက်သော သင်ကြားသင်ယူမှုတွင် ဆရာနှင့်ကျောင်းသားများ အတူတကွအောက်ပါတို့ကို ဆောင်ရွက်ကြသည်။

- ကျောင်းသားများအတွက် ဆရာက သင်ယူမှုကို ရှင်းလင်းအောင်ဆောင်ရွက်ပေးသည်။
- ဆရာနှင့် ကျောင်းသားများသည် သင်ကြားသင်ယူမှုဆိုင်ရာချဉ်းကပ်နည်းမျိုးစုံ အသုံးပြုကြသည်။
- ဆရာနှင့် ကျောင်းသားများတွင် တိကျရှင်းလင်းသော သင်ကြားသင်ယူရရှိမှုနှင့် တုံ့ပြန်အကြံပြုချက်များ (feedback) ပုံမှန်ရှိနေကြသည်။

## သင်ယူမှုရလဒ်များ (Learning Outcomes)


သင်ယူမှုအချိန်ကာလတစ်ခုအဆုံးတွင် ကျောင်းသားများအား မည်သည့်အသိဉာဏ်ပညာ၊ ဗဟုသုတ၊ စိတ်နေသဘောထားနှင့် တန်ဖိုးထားမှုများ သိရှိသွားစေရန်၊ နားလည်သွားစေရန်၊ လက်တွေ့လုပ်ဆောင်နိုင်စေရန် မျှော်မှန်းထားသည်များကို ရှင်းလင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုထားသည့် ဖော်ပြချက်များပါရှိသည်။ (သင်ခန်းစာ အစီအစဉ်များ (lesson plans) ကို ကြည့်ပါ။)

## (ဂ) ဘလွန်းမ်၏သင်ယူမှုအဆင့်ခွဲခြင်း (Bloom's Taxonomy)

အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားများတွင် အဆင့်မြင့်စဉ်းစားတွေးခေါ်မှုစွမ်းရည်များ (higher order thinking skills) ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သင်ခန်းစာအစီအစဉ်များ (lesson plans) နှင့် သင်ယူမှုလုပ်ငန်းများ (activities) တွင် ဘလွန်းမ်၏ သင်ယူမှုအဆင့်များကို ထည့်သွင်း အသုံးပြုထားသည်။ သင်ခန်းစာအစီအစဉ်များတွင် ယင်းအဆင့်များကိုဖော်ပြသည့် အဓိက စကားလုံးများဖြစ်သည့် မှတ်မိသည်၊ နားလည်သည်၊ အသုံးချသည်၊ စိစစ်ပိုင်းခြားသည်၊ အကဲဖြတ်

DBE BOX - Copyright Protected

သည်၊ တီထွင်ဖန်တီးသည် အစရှိသည်တို့ကို ရှာဖွေကြည့်ပါ။




**ဘလွန်းမ်၏ သင်ယူမှုအဆင့်များပြပုံ**

## (ဃ) သင်ခန်းစာသင်ကြားခြင်းအဆင့်ဆင့်တွင်မေးမြန်းနိုင်သောမေးခွန်းများ

ဆရာသည် သင်ခန်းစာ၏ အစ၊ အလယ်၊ အဆုံးအဆင့်များတွင် အောက်ဖော်ပြပါမေးခွန်းများကို မေးမြန်း ဆန်းစစ်သင့်ပါသည်။

**သင်ခန်းစာအစတွင်**

ယခုသင်မည့် သင်ခန်းစာပြီးဆုံးသွားလျှင် ကျောင်းသားများသည် မည်သည့်ကျွမ်းကျင်မှုများနှင့် အသိဉာဏ်ပညာများကို သင်ယူရရှိသွားမည်နည်း။

- စီစဉ်ထားသော သင်ယူမှုလုပ်ငန်းများကို လုပ်ဆောင်ရန် ကျောင်းသားများကို မည်သို့စုစည်းမည်နည်း။
- ဆရာအတွက် မည်သည့် သတင်းအချက်အလက်များ လိုအပ်သနည်း။ ကျောင်းသားများအတွက် မည်သည့် သတင်းအချက်အလက်များ လိုအပ်သနည်း။
- ဆရာအတွက် မည်သည့်ကိရိယာ၊ သင်ထောက်ကူပစ္စည်းများ လိုအပ်သနည်း။ ကျောင်းသားများအတွက် မည်သည့်ကိရိယာ၊ သင်ထောက်ကူပစ္စည်းများ လိုအပ်သနည်း။
- သင်ထောက်ကူပစ္စည်းများကို မည်သို့ရရှိစုစည်းပြီး အသုံးပြုမည်နည်း။

DBE BOX - Copyright Protected

- မည်သည့် ရလဒ်ရလိမ့်မည်ဟု ထင်သနည်း။

**သင်ခန်းစာအလယ်တွင်**

- သင်ခန်းစာ သင်ယူမှုလုပ်ငန်းသည် မျှော်မှန်းထားသကဲ့သို့ဖြစ်နေမှု ရှိ မရှိ။
- ကျောင်းသားများ သင်ခန်းစာကို နားလည်စေရေးအတွက် အထောက်အကူပြုနိုင်ရန် ဆရာ့အနေဖြင့် လိုအပ်သော အခြားသတင်းအချက်အလက်များ လိုအပ်မှု ရှိ မရှိ။

**သင်ခန်းစာအဆုံးတွင်**

- မျှော်မှန်းထားသည့်အတိုင်း ဆရာ၏ သင်ကြားမှုလုပ်ငန်း ပြီးမြောက်ခဲ့ခြင်း ရှိ မရှိ။
- သင်ခန်းစာသည် ကျောင်းသားများကို စဉ်းစားတွေးခေါ်ဖြစ်စေသည့် အခြားမေးခွန်းများ ထွက်ပေါ်စေခဲ့ခြင်း ရှိ မရှိ။
- အခြားသင်နည်းတစ်မျိုးနှင့် ဆောင်ရွက်နိုင်ခဲ့ခြင်း ရှိ မရှိ။
- ဆရာ သို့မဟုတ် ကျောင်းသားများသည် ဤသင်ခန်းစာမှ မည်သည်တို့ကို သင်ယူနိုင်ခဲ့ကြသနည်း။
- ဆရာ၏ သင်ကြားမှုသည် ကျောင်းသားတစ်ဦးချင်းစီ၏ သင်ခန်းစာပါ သဘောတရားများ နားလည်မှုကို အကဲဖြတ်ရန် အထောက်အကူဖြစ်ခဲ့ခြင်း ရှိ မရှိ။
- ဤသင်ခန်းစာကိုလည်းကောင်း၊ နောင်သင်ကြားမည့် သင်ခန်းစာကိုလည်းကောင်း ပိုမိုကောင်းမွန်စေရန် မည်သည်တို့ကို ထည့်သွင်းသင်ကြားရန် လိုအပ်မည်နည်း။

## (င) စာသင်ခန်းအဆင့်တတ်မြောက်မှုစစ်ဆေးအကဲဖြတ်ခြင်းကိုခြုံငုံတင်ပြခြင်း

သင်ယူမှုအတွက် စစ်ဆေးအကဲဖြတ်မှုအားလုံး၏ ၉၀% ကို သင်ကြားနေစဉ်အတွင်း ဆောင်ရွက်ခြင်းဖြစ်သည်။ ကျောင်းသားများနှင့် ဆရာတို့အား အကြံပြုချက်များ (feedback) ချက်ချင်းပေးရန်အတွက် စာသင်ခန်းအဆင့် စစ်ဆေးအကဲဖြတ်ခြင်းကို အသုံးပြုသည်။ ဤစစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများအား ရှေ့ဆက်၍ အောင်မြင်စွာ သင်ယူလိုပါက နောင်တွင် မည်သို့သင်ယူရန်လိုအပ်သည်ကို ခွဲခြားသိရှိနိုင်စေရန် ကူညီပေးသည်။ ဆရာများသည် ထိရောက်သော သင်ကြားရေးနည်းဗျူဟာများနှင့် ထိရောက်မှုနည်းသော သင်ကြားရေးနည်းဗျူဟာများကို ခွဲခြားသတ်မှတ်ရန် သင်ကြားနေစဉ်အတွင်း လေ့လာကြည့်ရှုခြင်းများ ပြုလုပ်နိုင်သည်။

**(၁) စာသင်ခန်းအဆင့် တတ်မြောက်မှုစစ်ဆေးအကဲဖြတ်ခြင်းတွင် အောက်ပါနည်းလမ်းများ ပါဝင်ပါသည်။**

DBE BOX - Copyright Protected

- **ကျောင်းသားဗဟိုပြုမှု** – ဆရာနှင့် ကျောင်းသားများသည် ဆရာက သင်ကြားခြင်းထက် ကျောင်းသားများကိုယ်တိုင် စူးစမ်းလေ့လာခြင်းနှင့် သင်ယူမှုပိုမိုတိုးတက်ရေးကို အလေးထားကြသည်။ ကျောင်းသားများသည် ဆရာက မည်သည်ကို လုပ်ဆောင်ရန်ပြော၍ မဟုတ်ဘဲ မည်သည်ကို သင်ယူရန် နားလည်ကြသည်။
- **ဆရာ၏စီစဉ်ဆုံးဖြတ်မှု** – ဆရာအသီးသီးသည် မည်သည်ကို မည်သို့ စစ်ဆေးအကဲဖြတ်ရမည်နှင့် စစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိသည့်အချက်အလက်များကို မည်သို့ အသုံးပြုဆောင်ရွက်မည်ဆိုသည်ကို ဆုံးဖြတ်သည်။
- **ကျောင်းသားများ၏တက်ကြွသောပါဝင်ဆောင်ရွက်မှု** – ကျောင်းသားများသည် စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းစဉ်၏ အစိတ်အပိုင်းအဖြစ်ပါဝင်သောကြောင့် မိမိတို့ မည်သည့်အရာကို သင်ယူသင့်သည်ကို ပိုမို နားလည်ကြသည်။ ထို့ပြင် မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်း (self-assessment) တွင်လည်း ပိုမို ကျွမ်းကျင်လာသည်။ ကျောင်းသားများသည် ဆရာက ယင်းတို့ကို သင်ယူသူအဖြစ် စိတ်ဝင်စားမှုရှိကြောင်း နားလည်သဘောပေါက်လာသောအခါ သင်ယူလိုစိတ် မြင့်မားလာသည်။
- **သင်ကြားသင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်း** (Formative Assessment) – သင်ကြားသင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသား၏ သင်ယူမှုတိုးတက်မှုအခြေအနေအကြောင်းကို ဆရာ သိရှိစေသော အထောက်အထားများ ဖြစ်သည်။ သင်ကြားသင်ယူစဉ်စစ်ဆေးအကဲဖြတ်မှုသာ ဆရာက ကျောင်းသားများ၏ သင်ယူမှုတိုးတက်စေရန် ကူညီပေးနိုင်မည် ဖြစ်သည်။ ဆရာက ကျောင်းသားများ၏ သင်ယူမှုဆိုင်ရာ အထောက်အထားကို အကောင်းဆုံး မည်သို့ မှတ်သားမည်ကို ဆုံးဖြတ်ရန် လိုအပ်သည်။ သို့မှသာ ရရှိသည့် အထောက်အထားအပေါ် မူတည်၍ ဆရာက ကျောင်းသား၏ သင်ယူမှုတိုးတက်စေရန် မိမိ၏ သင်ကြားမှုကို ထိန်းညှိနိုင်သည်။ ဆရာများ၏ သင်ကြားသင်ယူစဉ် စစ်ဆေးအကဲဖြတ်မှု စွမ်းရည်နှင့် နည်းလမ်းများ ပိုမို ကောင်းမွန်စေရေးအတွက် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills: C - ၅ လုံး) ဖွံ့ဖြိုးရေးကို စတင် ဆောင်ရွက်ရန်အရေးကြီးသည်။ ဆရာတိုင်းတွင် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများရှိလျှင် သင်ခန်းစာတိုင်းတွင် ကျောင်းသားများ၏ သင်ယူမှုကို အားပေးမြှင့်တင်နိုင်မည် ဖြစ်သည်။

**(၂) စာသင်ခန်းအဆင့်သင်ကြားစဉ်စစ်ဆေးအကဲဖြတ်ခြင်းအတွက်နည်းဗျူဟာများ**

- **လေ့လာကြည့်ရှုခြင်း** (Observation) – လက်တွေ့လုပ်ငန်းများနှင့် သရုပ်ပြလှုပ်ရှားဆောင်ရွက်မှုများအတွက် ပြင်ဆင်နေကြပုံများအပါအဝင် အုပ်စုလိုက်ဆောင်ရွက်ကြပုံများကို

DBEBOX - Copyright Protected

ဆရာက တိုက်ရိုက်လေ့လာကြည့်ရှုခြင်းနှင့် တွေ့ရှိချက်များကို မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ကိုယ်ရည် ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills: C - ၅ လုံး) ကိုလည်း လေ့လာကြည့်ရှုပါ။

- **မေးခွန်းများမေးခြင်း** (Questioning) – ဆရာသည် ကျောင်းသားများ၏ သိနားလည်မှု (ဘလွန်းမ်၏ သင်ယူမှုအဆင့်ခွဲခြင်း) ကို ဆုံးဖြတ်ရန် မေးခွန်းများမေး၍ ရရှိသောရလဒ်အရ ယင်း၏သင်ကြားမှုကို ချိန်ဆသည်။ ဤသို့ဆောင်ရွက်ခြင်းသည် သင်ခန်းစာများ သို့မဟုတ် သင်ခန်းစာတစ်ခု၏ နောက်ဆုံးအဆင့်ဖြစ်သော ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်းတွင်သာမက စာသင်ကြားစဉ် အချိန်မရွေး ဖြစ်ပေါ်နိုင်သည်။
- **ကျောင်းသားများ၏ သင်ယူမှုဂျာနယ်** (Student Learning Journal) – ဆရာသည် စဉ်းစားဖြေဆိုရသည့် မေးခွန်းများ (open-ended questions) (ဥပမာ - မည်သည်ကို သင်ယူခဲ့ပြီးဖြစ်သည်။ မည်သည်ကို သင်ယူရန်လိုအပ်နေသေးသည်။) ကိုပေး၍ ကျောင်းသားများအား လေ့ကျင့်ခန်းစာအုပ်တွင် အဖြေများ ရေးသားစေခြင်းဖြစ်သည်။ ဤကဲ့သို့ သင်ယူမှုဂျာနယ်ရေးခြင်းကို သင်ခန်းစာပြီးဆုံးသောအခါ ပြန်လည်သုံးသပ်ခြင်းအဖြစ် သုံးနိုင်သည်။ ထို့ပြင် နောက်သင်ခန်းစာအစတွင်လည်း ကျောင်းသားများအား သူတို့သိပြီးသော ယနေ့သင်ခန်းစာ၏ ရည်ရွယ်ချက်ကို ပြန်ချရေးခိုင်းခြင်းဖြင့် အထက်ပါနည်းလမ်းကို အသုံးပြုကာ ကျောင်းသားများ ရရှိထားသော ဗဟုသုတအခြေအနေကို စစ်ဆေးနိုင်သည်။ ဆရာသည် ကျောင်းသားများ၏ သင်ယူမှုဂျာနယ်များကို နမူနာ (ဥပမာ - ၁၀ အုပ်) ကောက်ယူကြည့်၍ တစ်တန်းလုံး၏ လုပ်ဆောင်တတ်မြောက်မှုအခြေအနေ သို့မဟုတ် ယခင်ရှိပြီးသား ဗဟုသုတကို ချိုင့်အကဲဖြတ်ခြင်းနှင့် တွေ့ရှိချက်အပေါ် မူတည်၍ သင်ကြားမှု ထိန်းညှိခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

DBE BOX - Copyright Protected

## (စ) **၂၁ရာစုကျွမ်းကျင်မှုများ** (21st Century Skills) **နှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ** (Soft Skills)

လူငယ်များသည် ရှုပ်ထွေးသော ကမ္ဘာလောကကြီးတွင် လျှောက်လှမ်းရမည့်ဘဝခရီးနှင့် အလုပ်ခွင်အတွက် ၂၁ ရာစုကျွမ်းကျင်မှုများနှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ လိုအပ်ပါသည်။ ယ-၅လုံး (5 C's) သို့မဟုတ် သင်ယူမှုအတွက် အရေးကြီးသောကျွမ်းကျင်မှုများမှာ -

- **ပူးပေါင်းဆောင်ရွက်ခြင်း** (Collaboration) **/ အုပ်စုဖြင့်လုပ်ငန်းဆောင်ရွက်ခြင်း** (Group Work) – ကျောင်းသားများအား အုပ်စုဖြင့် လုပ်ငန်းဆောင်ရွက်တတ်ရန်၊ အတွေးအခေါ်များ မျှဝေရန်နှင့် ပြဿနာအခက်အခဲများကို ပူးပေါင်းအဖြေရှာတတ်ရန် အားပေးသည်။
- **ဆက်သွယ်ပြောဆိုခြင်း** (Communication) – နှုတ်အားဖြင့်၊ ကိုယ်ဟန်အမူအရာအားဖြင့်

ဆက်သွယ်ခြင်း၊ စာဖတ်ခြင်း၊ စာရေးခြင်း၊ စကားပြောခြင်း၊ နားထောင်ခြင်းတို့ဖြစ်သည်။

- **လေးနက်စွာဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း** (Critical Thinking and Problem Solving) – ကျောင်းသားများအား ပြဿနာများ၏အဖြေများကို ရှာဖွေခြင်းနှင့် အမှားပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခွင့်ပေးသည်။
- **တီထွင်ဖန်တီးခြင်း** (Creativity and Innovation) – အတွေးအခေါ် အယူအဆသစ်များ ရှာဖွေခြင်းနှင့် ပြဿနာများကိုဖြေရှင်းခြင်းတို့ပြုလုပ်ရန် သတ်မှတ်ထားသည့် စည်းဘောင်အတွင်းမှ အပြင်သို့ထွက်၍ တွေးခေါ်စေခြင်း ဖြစ်သည်။
- **နိုင်ငံသားကောင်းဖြစ်ခြင်း** (Citizenship) – ကျောင်းတွင်း လူမှုအဖွဲ့အစည်းများတွင် တက်ကြွစွာ ပါဝင်လုပ်ဆောင်ခြင်း၊ တရားမျှတခြင်းနှင့် ပဋိပက္ခဖြေရှင်းခြင်းတို့ဖြစ်သည်။

## (ဆ) အလယ်တန်းနှင့်အထက်တန်းအဆင့်စာသင်ခန်းများအတွင်း လူမှုရေးရှုထောင့်များကို ခြုံငုံတင်ပြခြင်း (ကျား–မ၊ လူမျိုးစု၊ လူမှုရေးအဆင့်အတန်းနှင့် မသန်စွမ်းမှု)

အမျိုးသားပညာရေးဥပဒေ (၂၀၁၄) တွင် သင်ရိုးညွှန်းတမ်းသည် မတူကွဲပြားခြားနားခြင်း (diversity) ကို နားလည်လက်ခံသော၊ တန်းတူညီမျှမှု (equality) ကို အလေးထားသော၊ ဒီမိုကရေစီ အလေ့အကျင့်နှင့် လူ့အခွင့်အရေး (human rights) ဆိုင်ရာစံနှုန်းများကို တန်ဖိုးထားသော၊ တိုင်းရင်းသားမျိုးနွယ်စုအသီးသီး၏ ကြွယ်ဝသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးစံနှင့် သမိုင်းအမွေအနှစ်တို့ကို မြှင့်တင်နိုင်စွမ်းရှိသော နိုင်ငံသားကောင်းများကို မွေးထုတ်ပေးနိုင်သည့် သင်ရိုးညွှန်းတမ်းဖြစ်သည့်အပြင် နိုင်ငံတကာပညာရေး သင်ရိုးညွှန်းတမ်းများနှင့်လည်း လိုက်လျောညီထွေရှိရမည်ဟု ဖော်ပြထားသည်။

DBE BOX - Copyright Protected

အခြေခံစည်းမျဉ်းအနေဖြင့် အခြေခံပညာအဆင့် စာသင်ခန်းများသည် ကျား - မ၊ လူမျိုးစု၊ လူမှုရေး အဆင့်အတန်းနှင့် မသန်စွမ်းမှုတို့ကို မခွဲခြားဘဲ ကျောင်းသားအားလုံး အကျုံးဝင် (inclusive) စေရန် ဖြစ်သည်။ အားလုံးအကျုံးဝင်ပြီး သာတူညီမျှမှု (equity) ရှိသော ကျောင်းပတ်ဝန်းကျင်သည် ကျောင်းသား၊ ကျောင်းသူတစ်ဦးစီ၏ ကိုယ်ပိုင်လက္ခဏာနှင့် တန်ဖိုးထားမှုကို လေးစားပြီး တစ်ဦးနှင့်တစ်ဦး မတူညီသောကွဲပြားခြားနားမှုကို နားလည်အသိအမှတ်ပြုကာ ကျောင်းသားအားလုံး ပညာသင်ကြားခွင့်ရစေမည် ဖြစ်သည်။

ဆရာသည် နိုင်ငံသားကောင်းဖြစ်စေရန် စေ့ဆော်ပေးသည့် လိုလားဖွယ်ရာ အပြုသဘောဆောင်သည့် သဘောထားများနှင့် တန်ဖိုးထားမှုများပါသည့် မိမိ၏လုပ်ရှားဆောင်ရွက်မှုများကို နမူနာကောင်းများအဖြစ် ကျောင်းသားများအား ပြသရန်လိုအပ်ပါသည်။ ယင်းအပြုသဘောဆောင်သည့်

သဘောထားများနှင့် တန်ဖိုးထားမှုများကပင် ကျောင်းသားများတွင် နိုင်ငံသားကောင်းစိတ်ဓာတ်များ ပေါက်ဖွားလာစေမည်ဖြစ်သည်။

ထို့ပြင် ဆရာသည် မိမိ၏စာသင်ခန်းအတွင်း လူမှုရေးဘက်လိုက်မှုများကို သတိပြု ရှောင်ကြဉ်ရမည်။ ယင်းတို့မှာ တရားသေစွဲမှတ်ထားသော အခန်းကဏ္ဍများ (stereotyped roles)၊ မတူညီသော ယဉ်ကျေးမှု၊ မတူညီသော လူမျိုးစု နိုင်ငံသားများအကြား ခွဲခြားဆက်ဆံမှုများ၊ လူမှုရေး အဆင့်အတန်းအရ ဘက်လိုက်မှုများ၊ ရိုးရာဓလေ့ထုံးစံများနှင့် တန်ဖိုးထားမှုများကို လျစ်လျူရှုခြင်းတို့ ဖြစ်သည်။

ဆရာသည် မိမိ၏ စာသင်ခန်း၊ သင်ခန်းစာများ၊ ကျောင်းပတ်ဝန်းကျင်တို့တွင် သာတူညီမျှမှုနှင့် အားလုံး အကျုံးဝင်မှုကို အားကောင်းစေသည့် အခြားဥပမာများ၊ အခွင့်အလမ်းများကို ရှာဖွေပါ။ ကျောင်းသား၊ ကျောင်းသူအားလုံးကို တန်ဖိုးထားလေးစားရေးအတွက် ကျောင်းရှိ အခြားဆရာများနှင့် လည်း မိမိ၏စိတ်ကူးများကို မျှဝေ ဆွေးနွေးနိုင်သည်။

## (၈) **သင်ရိုးမာတိကာ** (Syllabus) **နှင့် စာသင်နှစ်တစ်နှစ်စာ သင်ခန်းစာအစီအစဉ်** (Year Plan)

ဒသမတန်း၊ ဂီတအနုပညာဘာသာရပ်သင်ရိုးမာတိကာ၊ စာသင်နှစ်တစ်နှစ်စာ သင်ခန်းစာ အစီအစဉ် (Year Plan) နှင့် သင်ခန်းစာ ခေါင်းစဉ်အလိုက် အချိန်ခွဲဝေမှုတို့ကို ဇယားများဖြင့် ဖော်ပြ ထားသည်။

DBE BOX - Copyright Protected

## (၁) ဒသမတန်း (Grade-10) ဂီတအနုပညာဘာသာရပ် သင်ရိုးမာတိကာ (Syllabus)

| နယ်ပယ် (Strand) | သင်ယူမှုရည်ရွယ်ချက်များ (Learning Objectives) | သင်ယူမှုရလဒ်များ (Learning Outcomes) | တတ်မြောက်မှု အညွှန်းကိန်းများ (Achievement Indicators) |
|---|---|---|---|
| အဆို | မဟာဂီတသီချင်းနှင့် မြန်မာသံစဉ် ကာလပေါ် သီချင်းတို့ကို မြတ်နိုး တန်ဖိုးထားတတ်ရန် | မဟာဂီတသီချင်းနှင့် မြန်မာ သံစဉ် ကာလပေါ် သီချင်းတို့ကို စိတ်ဝင်စားလာကာ မြတ်နိုး တန်ဖိုးထားတတ်လာမည်။ | |
| | မြန်မာ့ဂီတအခြေခံစည်းဝါးကို ကိုင်တွယ် တီးခတ်တတ်ရန် | မြန်မာ့ဂီတအခြေခံစည်းဝါးကို ကိုင်တွယ် တီးခတ်တတ်မည်။ | မြန်မာ့ဂီတအခြေခံစည်းဝါးကို ကိုင်တွယ်တီးခတ်တတ်သည်။ |
| | “ဆန်းနွေဦး” (အလွမ်းဘွဲ့ယိုးဒယား) သီချင်း၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး သံစဉ်စည်းဝါး မှန်ကန်စွာ ခံစားသီဆိုတတ်ရန် | “ဆန်းနွေဦး” (အလွမ်းဘွဲ့ယိုးဒယား) သီချင်း၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး သံစဉ်စည်းဝါး မှန်ကန်စွာ ခံစားသီဆို တတ်မည်။ | မဟာဂီတသီချင်းဖြစ်သော “ဆန်းနွေဦး” (အလွမ်းဘွဲ့ယိုးဒယား) သီချင်းနှင့် မြန်မာသံစဉ် ကာလပေါ် သီချင်းဖြစ်သော “စည်းကမ်း”သီချင်းတို့၏ အဓိပ္ပာယ်ကို ရှင်းပြနိုင်ပြီး ခံစားချက်ကို ဆွေးနွေးတတ်သည်။ သီချင်းများကို သံစဉ်စည်းဝါးမှန်ကန်စွာ ခံစားသီဆိုနိုင်သည်။ |
| | “စည်းကမ်း” သီချင်း၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး သံစဉ်စည်းဝါးမှန်ကန်စွာ ခံစားသီဆိုတတ်ရန် | “စည်းကမ်း” သီချင်း၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး သံစဉ်စည်းဝါးမှန်ကန်စွာ ခံစားသီဆိုတတ်မည်။ ကိုယ်တိုင်လက်တွေ့ ဆောင်ရွက်တတ်လာမည်။ | |
| | ဂီတသင်္ကေတကို ကြည့်၍ မှန်ကန်စွာ ရွတ်ဆိုတတ်ရန် | ဂီတသင်္ကေတကို ကြည့်၍ မှန်ကန်စွာ ရွတ်ဆိုတတ်မည်။ | ဂီတသင်္ကေတကို ကြည့်၍ မှန်ကန်စွာ ရွတ်ဆိုတတ်သည်။ |
| အက | အခြေခံကဗျာလွတ် ကကွက်များကို လက်တွေ့ လေ့ကျင့်ပြီး နားလည်တန်ဖိုးထား တတ်ရန် | အခြေခံကဗျာလွတ် ကကွက် များကို လက်တွေ့လေ့ကျင့်ပြီး မြတ်နိုးတန်ဖိုးထားတတ်လာ မည်။ | |

DBE BOX - Copyright Protected

| | | | |
|---|---|---|---|
| | ကိန္နရာဟန်အက၊ ထဘီနားဆွဲအက၊ နှစ်ဆင့်သွားအထ (အပြေး) အက၊ ဘယ်လှန်ညာမှောက်နှစ်ဆင့်အကနှင့် ကြာဖူးချိုးအကတို့၏ ခေါင်း၊ ခါး၊ ခြေ၊ လက်၊ မျက်နှာလှုပ်ရှားမှုများကို ရှင်းပြနိုင်ပြီး စည်းဝါးမှန်ကန်စွာ စနစ်တကျ ကပြတတ်ရန်<br><br>အခြေခံကဗျာလွတ်အကများမှ တစ်ဆင့် ယိမ်းအက၊ တိုင်းရင်းသား ရိုးရာအကများနှင့် တွဲဖက် ကပြတတ်ရန် | ကိန္နရာဟန်အက၊ ထဘီနားဆွဲအက၊ နှစ်ဆင့်သွားအထ (အပြေး) အက၊ ဘယ်လှန်ညာမှောက်နှစ်ဆင့်အကနှင့် ကြာဖူးချိုးအကတို့၏ ခေါင်း၊ ခါး၊ ခြေ၊ လက်၊ မျက်နှာလှုပ်ရှားမှုများကို ရှင်းပြနိုင်ပြီး စည်းဝါးမှန်ကန်စွာ စနစ်တကျ ကပြတတ်မည်။<br><br>မြန်မာ့ရိုးရာအကများ၊ ယိမ်းအကနှင့် တိုင်းရင်းသားရိုးရာအကများကို အချိုးအစားကျန၍ စည်းဝါးနှင့်အညီ ကပြတတ်မည်။ | ကိန္နရာဟန်အက၊ ထဘီနားဆွဲအက၊ နှစ်ဆင့်သွားအထ (အပြေး) အက၊ ဘယ်လှန်ညာမှောက်နှစ်ဆင့်အကနှင့် ကြာဖူးချိုးအကတို့၏ ကိုယ်ဟန်အနေအထားကို ရှင်းပြတတ်ပြီး စည်းဝါးနှင့်အညီ စနစ်တကျ ကပြတတ်သည်။<br><br>မြန်မာ့ရိုးရာအကများ၊ ယိမ်းအကနှင့် တိုင်းရင်းသားရိုးရာအကများကို အချိုးအစားကျန၍ စည်းဝါးနှင့်အညီ ကပြတတ်သည်။ |
| အတီး | အခြေခံဂီတသင်္ကေတ သဘောတရားကို သိရှိရွတ်ဆိုနိုင်ပြီး၊ ဂီတသင်္ကေတလေ့ကျင့်ခန်းများကို ထပ်ကာထပ်ကာ လေ့ကျင့်တီးမှုတ်ခြင်းဖြင့် ကဗျာများ၊ ကျေးလက်တေးများနှင့် အခြားတေးသီချင်းများကို ပလွေဖြင့် သံစဉ်မှန်ကန်စွာ တီးမှုတ်တတ်ရန်<br><br>“လေ့တော်သံ” သီချင်းနှင့် “ကြိုဆိုပါသည်စုံညီပွဲတော်” သီချင်းတို့ကို ပလွေဖြင့် စည်းချက်ညီညီ မှုတ်တတ်ရန် | အခြေခံဂီတသင်္ကေတ သဘောတရားကို သိရှိရွတ်ဆိုနိုင်ပြီး၊ ဂီတသင်္ကေတလေ့ကျင့်ခန်းများကို ထပ်ကာထပ်ကာ လေ့ကျင့်တီးမှုတ်ခြင်းဖြင့် ကဗျာများ၊ ကျေးလက်တေးများနှင့် အခြားတေးသီချင်းများကို ပလွေဖြင့် သံစဉ်မှန်ကန်စွာ တီးမှုတ်တတ်မည်။<br><br>“လေ့တော်သံ” သီချင်းနှင့် “ကြိုဆိုပါသည်စုံညီပွဲတော်” သီချင်းတို့ကို ပလွေဖြင့် စည်းချက်ညီညီ မှုတ်တတ်မည်။ | အခြေခံဂီတသင်္ကေတ သဘောတရားကို သိရှိရွတ်ဆိုနိုင်ပြီး၊ ဂီတသင်္ကေတလေ့ကျင့်ခန်းများကို ထပ်ကာထပ်ကာ လေ့ကျင့်တီးမှုတ်ခြင်းဖြင့် ကဗျာများ၊ ကျေးလက်တေးများနှင့် အခြားတေးသီချင်းများကို ပလွေဖြင့် သံစဉ်မှန်ကန်စွာ တီးမှုတ်တတ်သည်။<br><br>“လေ့တော်သံ” သီချင်းနှင့် “ကြိုဆိုပါသည်စုံညီပွဲတော်” သီချင်းတို့အား သင်္ကေတကို ကြည့်၍ စည်းချက်ညီညီ မှုတ်တတ်သည်။ |

DBEBOX - Copyright Protected

| | | | |
|---|---|---|---|
| အတီး | အထွေထွေဗဟုသုတအနေဖြင့် မြန်မာ့ဂီတအနုပညာရှင် အလင်္ကာကျော်စွာ ဒေါ်စောမြ အေးကြည်အကြောင်းနှင့် လေမှုတ်တူရိယာပစ္စည်းများ အကြောင်း သိရှိနားလည်ရန် | မဟာဂီတသီချင်းများကို သီဆို ရေးသားခဲ့သော မြန်မာ့ဂီတအနု ပညာရှင် ဒေါ်စောမြအေးကြည် အကြောင်းနှင့် လေမှုတ်တူရိ ယာများ အသုံးပြုပုံအကြောင်း ကို သိရှိလာမည်။ | မြန်မာ့ဂီတအနုပညာရှင် ဒေါ်စောမြအေးကြည် အကြောင်းနှင့် လေမှုတ်တူရိ ယာများ အသုံးပြုပုံအကြောင်း ကို ပြန်လည်ပြောပြတတ်လာ မည်။ |

**(၂) စာသင်နှစ် တစ်နှစ်စာ သင်ခန်းစာအစီအစဉ် (Year Plan) နှင့် သင်ခန်းစာအလိုက်အချိန်ခွဲဝေမှု**

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၁ မှ ၅ အထိ | ၅ ချိန် | အခန်း (၁) အဆိုပညာ | "ဆန်းရွှေဦး" (အလွမ်းဘွဲ့ယိုးဒယား) သီချင်း |
| ၆ | ၁ ချိန် | | အရန်စာသင်ချိန် |
| ၇ မှ ၁၀ အထိ | ၄ ချိန် | အခန်း (၂) အကပညာ | ကိန္နရာပဟန်အက၊ ထဘီနားဆွဲအကနှင့် နှစ်ဆင့်သွားအထ (အပြေး) အက |
| ၁၁ | ၁ ချိန် | | အရန်စာသင်ချိန် |
| ၁၂ မှ ၁၄ အထိ | ၃ ချိန် | အခန်း (၃) အတီးပညာ | "လေ့တော်သံ" သီချင်း |
| ၁၅ | စာမေးပွဲအတွက်ကြိုတင်ပြင်ဆင်ခြင်း - ပြန်လှန်သင်ကြားခြင်း | | |
| ၁၆ | ပထမအစမ်းစာမေးပွဲ (First Exam) | | |
| ၁၇ | ၁ ချိန် | အခန်း (၃) အတီးပညာ | အရန်စာသင်ချိန် |
| ၁၈ | ၁ ချိန် | | အထွေထွေဗဟုသုတ (အလင်္ကာကျော်စွာ ဒေါ်စောမြအေးကြည်) |
| ၁၉ | ၁ ချိန် | | အထွေထွေဗဟုသုတ (လေမှုတ်တူရိယာများ) |
| ၂၀ မှ ၂၃ အထိ | ၄ ချိန် | အခန်း (၁) အဆိုပညာ | "စည်းကမ်း" (ကာလပေါ်) သီချင်း |
| ၂၄ | ၁ ချိန် | | အရန်စာသင်ချိန် |
| ၂၅ မှ ၂၇ အထိ | ၃ ချိန် | အခန်း (၂) အကပညာ | ဘယ်လှန်ညာမှောက်နှစ်ဆင့်အကနှင့် ကြာဖူးချိုးအက |

DBE BOX - Copyright Protected

| | | | |
|---|---|---|---|
| ၂၈ | စာမေးပွဲအတွက်ကြိုတင်ပြင်ဆင်ခြင်း - ပြန်လှန်သင်ကြားခြင်း | | |
| ၂၉ | ဒုတိယအစမ်းစာမေးပွဲ (Second Exam) | | |
| ၃၀ | ၁ ချိန် | အခန်း (၂) အကပညာ | အရန်စာသင်ချိန် |
| ၃၁ မှ ၃၃ အထိ | ၃ ချိန် | အခန်း (၃) အတီးပညာ | "ကြိုဆိုပါသည်စုံညီပွဲတော်" သီချင်း |
| ၃၄ | ၁ ချိန် | | အရန်စာသင်ချိန် |
| ၃၅ | စာမေးပွဲအတွက်ကြိုတင်ပြင်ဆင်ခြင်း - ပြန်လှန်သင်ကြားခြင်း | | |
| ၃၆ | နှစ်ဆုံးစာမေးပွဲ (Year End Exam) | | |

**၂။ သင်ခန်းစာအစီအစဉ်များ** (Lesson Plans)

သင်ခန်းစာအစီအစဉ်များတွင် သင်ယူမှုရလဒ်၊ သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း၊ ဖွံ့ဖြိုးစေမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ၊ သင်ကြားသင်ယူမှုဖြစ်စဉ် (သင်ခန်းစာမိတ်ဆက်ခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း- I-T-P-R)၊ သင်ယူမှုနှင့် စဉ်းစားတွေးခေါ်ခြင်းကို အားဖြည့်ရန် နောက်ဆက်တွဲလုပ်ငန်းများ၊ စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများ၊ အဓိကအချက်များနှင့် ဆရာအတွက်မှတ်စု ပါဝင်သည်။


သင်ခန်းစာခေါင်းစဉ်တိုင်းတွင် သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းဟူသော အဆင့် ၄ ဆင့် ပါရှိမည်။

- I သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း (Introduction)
- T သင်ကြားခြင်း(Teach)/သင်ကြားမှုလုပ်ငန်း/နမူနာပြခြင်းတို့နှင့်ဆက်စပ်သည့်စကားလုံး
- P လေ့ကျင့်ခြင်း (Practice)
- R ပြန်လည်သုံးသပ်ခြင်း (Review) (နောက်ဆက်တွဲလုပ်ငန်းများပါဝင်နိုင်သည်။)

DBE BOX - Copyright Protected

| | | |
|---|---|---|
| I | သင်ခန်းစာမိတ်ဆက်ခြင်း/ နိဒါန်းပျိုးခြင်း (Introduction) | ယခင်သင်ယူပြီး အသိပညာကို စစ်ဆေးခြင်း၊ ဥပမာ - 'အဝင် - အထွက်' (ENTRY - EXIT) နည်းလမ်းကို သုံးခြင်း။<br>အဝင် (မသင်ကြားမီ) - ယခင်က သင်ယူခဲ့သော သီချင်းများနှင့် ပတ်သက်၍ မည်သည့် သီချင်းအမျိုးအစားများကို သင်ပြန်လည် မှတ်မိသနည်း။<br>အထွက် (သင်ကြားပြီး) - သင်သည် မည်သည့်သီချင်းအမျိုးအစားများကို ကြိုက်နှစ်သက်သနည်း။ |
| T | သင်ကြားခြင်း (Teach) | ဤအပိုင်းတွင် အများစုသည် ဆရာဗဟိုပြုဖြစ်မည်။ |
| P | လေ့ကျင့်ခြင်း (Practice) | ဤအပိုင်းတွင် အများစုသည် ကျောင်းသားဗဟိုပြုဖြစ်မည်။ |
| R | ပြန်လည်သုံးသပ်ခြင်း (Review) | ဤအပိုင်းတွင် သင်ခန်းစာအကျဉ်းချုပ်နှင့် ပြန်လည်သုံးသပ်သည့် မေးခွန်းများပါဝင်မည်။ |

သင်ကြားခြင်း - လေ့ကျင့်ခြင်း (T-P) အဆင့်များသည် သင်ခန်းစာတစ်ခုတွင် ထပ်ကာထပ်ကာ ဖြစ်နိုင်သည်။ ဥပမာ-




DLE BOX - Copyright Protected

# အခန်း (၁)

# အဆိုပညာ

**စုစုပေါင်းစာသင်ချိန် ၉ ချိန်၊ တစ်ချိန် ၄၅ မိနစ်**

## သင်ယူမှုရလဒ်များ

- "ဆန်းနွေဦး" (အလွမ်းဘွဲ့ယိုးဒယား) သီချင်း၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး သံစဉ်စည်းဝါး မှန်ကန်စွာ သီဆိုတတ်မည်။
- "စည်းကမ်း" (ကာလပေါ်) သီချင်း၏ အဓိပ္ပာယ်ကို သိရှိပြီး စိတ်ဓာတ်ကောင်းမွန်၍ စည်းကမ်း ရှိသော နိုင်ငံသားကောင်းများ ဖြစ်ပေါ်လာမည်။
- သင်္ကေတကိုကြည့်၍ မှန်ကန်စွာ ရွတ်ဆိုတတ်ပြီး သံစဉ်စည်းဝါးမှန်ကန်စွာ ခံစားသီဆို တတ်မည်။
- မဟာဂီတသီချင်းနှင့် မြန်မာသံစဉ် ကာလပေါ်သီချင်းတို့ကို မြတ်နိုးတန်ဖိုးထားတတ်လာမည်။

## ၁-၁ "ဆန်းနွေဦး" (အလွမ်းဘွဲ့ယိုးဒယား) သီချင်း စာသင်ချိန် ၅ ချိန်

## သင်ခန်းစာရည်ရွယ်ချက်

- "ဆန်းနွေဦး " (အလွမ်းဘွဲ့ယိုးဒယား) သီချင်း၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး ခံစားမှုကို ပြောပြတတ်ရန်
- "ဆန်းနွေဦး " (အလွမ်းဘွဲ့ယိုးဒယား) သီချင်းကို သံစဉ်စည်းဝါးမှန်ကန်စွာ ခံစားသီဆိုတတ်ရန်
- မဟာဂီတသီချင်းကို မြတ်နိုးတန်ဖိုးထားတတ်ရန်

### ၁-၁-၁ "ဆန်းနွေဦး" (အလွမ်းဘွဲ့ယိုးဒယား) သီချင်း၏ အဓိပ္ပာယ်ကို လေ့လာခြင်းနှင့် နားထောင်ခံစားခြင်း စာသင်ချိန် (၁)

## သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

စည်း၊ ဝါး၊ ကျောင်းသုံးစာအုပ်ပါ သရုပ်ဖော်ပုံ၊ သင်ထောက်ကူကားချပ် သို့မဟုတ် ဗီနိုင်းကားချပ်ပုံ များကိုလည်း အသုံးပြုနိုင်ပါသည်။ "ဆန်းနွေဦး" (အလွမ်းဘွဲ့ယိုးဒယား) သီချင်းကို ဆရာက ဗီဒီယိုဖိုင် သို့မဟုတ် အသံဖိုင်အား ကြည့်ရှုနားထောင်ပြီး ကြိုတင်လေ့ကျင့်ထားပါ။

## သင်ခန်းစာမိတ်ဆက်ခြင်း

ဆရာက ကျောင်းသားများအား အလယ်တန်းအဆင့်တွင် သင်ယူခဲ့ဖူးသော သီချင်းများကို

DREBOX - Copyright Protected

မေးမြန်းပါ။ ယင်းတို့ကို သင်ယူရာတွင် တွေ့ရှိရသော အခက်အခဲများနှင့် သီချင်းများ၏ အနှစ်သာရများကိုလည်း မေးမြန်းပါ။ ကျောင်းသားများ၏ ဖြေဆိုမှုပေါ် မူတည်၍ မဟာဂီတနှင့် ကာလပေါ် သီချင်းများကို လိုအပ်ပါက ဖြည့်စွက်ပြောကြားပေးပါ။ "ယိုးဒယား" သီချင်းအမျိုးအစားဖြစ်သော "ဆန်းရွှေဦး" သီချင်းကို ယနေ့သင်ကြားမည်ဖြစ်ကြောင်း၊ သီချင်းရေးသူမှာ ဗန့်ကျီဝန် ဦးထောင်ဘိုဖြစ်သည်။

**သင်ကြားခြင်း**

ပထမဦးစွာ "ဆန်းရွှေဦး" (အလွမ်းဘွဲ့ယိုးဒယား) သီချင်းကို ဆရာက ဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ ကျောင်းသားများအား စာသားကို သေချာစွာ နားထောင်၍ အဓိပ္ပာယ်ကို စဉ်းစားစေပါမည်။ ထို့နောက် ကျောင်းသားများအား သီချင်း၏ အဓိပ္ပာယ်ကို မိမိတို့နားလည်သည့်အတိုင်း အဖွဲ့လိုက် ဆွေးနွေး၍ ပြန်လည်တင်ပြပါစေ။ တစ်ဖွဲ့က ဆွေးနွေးနေစဉ် ကျန်အဖွဲ့များက သေချာစွာ နားထောင်၍ ဖြည့်စွက်ဆွေးနွေး အကြံပြုပါစေ။ ကျောင်းသားများ၏ ဖြေဆိုမှုများကို နားထောင်ပြီးနောက် "ဆန်းရွှေဦး" (အလွမ်းဘွဲ့ယိုးဒယား) သီချင်း၏ အဓိပ္ပာယ်ကို ကျောင်းသားများ နားလည်စေရန် အောက်ပါအတိုင်း ဆရာက ရှင်းလင်းသင်ကြားပါ။

ရွှေဦးတွင် လေရူးများတိုက်ခတ်လေ့ရှိရာ နေရာအနှံ့ ဝေ့ဝဲတိုက်ခတ်ခြင်းဖြင့် စုံမြိုင်တွင်း၌ ပန်းမျိုးစုံတို့၏ ရနံ့များမှာ သင်းပျံ့ခြင်းတို့ ထုံလှိုင်နေကြပါသည်။ ရနံ့စုံပျံ့ထုံနေသော စုံမြိုင်ကြီးအတွင်း၌ တစ်ပင်မှတစ်ပင် လူးလာကူးခတ် ပျံသန်းနေကြသော ငှက်မောင်မယ်တို့၏ ဘာသာဘာဝပျော်မြူးနေကြသည့် ဟစ်ကျူးသံကလေးများမှာ နတ်စောင်းတီးခတ်သကဲ့သို့ သာယာလှပေသည်။ နေရာတိုင်း၌ ကြည့်လေမြင်နေသည့် အရာတိုင်းသည် အလွမ်းစာတ်ကို လွှမ်းပတ်စေလှပါသည်။ ရွှေနန်းရွှေဘုံနှင့် အလှမ်းကွာပြီး တောမြိုင်တောင်သေလာကြီး ဆီးကာထားသည်မှာလည်း ဆန်းကြယ်လှသော ရှုခင်းရှုကွက်တစ်ခုဖြစ်ပါသည်။

အဓိပ္ပာယ်ကို နားထောင်ပြီးနောက် "ဆန်းရွှေဦး " (အလွမ်းဘွဲ့ယိုးဒယား) သီချင်း အစမှအဆုံးအထိ နောက်တစ်ကြိမ် ဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ ကျောင်းသားများအား ဂရုစိုက်နားထောင်ပါစေ။ ဆရာက အပိုဒ် (၁) သီချင်းစာသားများအား ဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ ကျောင်းသားများအား စည်းဝါးနေရာများကို ဂရုတစိုက် မှတ်သားနားထောင်စေပြီး နောက်မှလိုက်ဆိုပါစေ။ သီချင်းစာသားကို နားထောင်ပြီးနောက် မည်သို့ခံစားရသည်ကို အုပ်စုဖွဲ့၍ ဆွေးနွေးပါစေ။ ဆရာနှင့် ကျောင်းသားများ အပြန်အလှန် ဆွေးနွေးပါ။ အပိုဒ် (၂) နှင့် အပိုဒ် (၃) တို့ကို အထက်ပါနည်းအတိုင်း ဆွေးနွေးသင်ကြားပါ။

**လေ့ကျင့်ခြင်း**

"ဆန်းရွှေဦး " (အလွမ်းဘွဲ့ယိုးဒယား) သီချင်း၏ အဓိပ္ပာယ်ကို အဖွဲ့လိုက် ပြန်လည်ဆွေးနွေး၍ မည်သို့ခံစားရသည်ကို ပြန်လည်တင်ပြပါစေ။ တစ်ဖွဲ့က ဆွေးနွေးနေစဉ် ကျန်အဖွဲ့များက သေချာစွာ



DBE BOX - Copyright Protection

နားထောင်၍ ဖြည့်စွက် အကြံပြုပါစေ။ အပြန်အလှန် ဆွေးနွေးပါစေ။

**သတိပြုရန်အချက်**

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၅) မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းလင်းဆွေးနွေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း**

အဖွဲ့လိုက် ဆွေးနွေးနေစဉ် ဆရာက လိုက်လံကြည့်ရှု၍ ကျောင်းသားအားလုံး ပါဝင်ဆွေးနွေးမှု ရှိ မရှိတို့ကို အကဲဖြတ်ပါ။ ကျောင်းသားအချင်းချင်း အကြံပြုပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက် သင်ကြားပေးပါ။

**၁–၁–၂ "ဆန်းနွှေဦး" (အလွမ်းဘွဲ့ယိုးဒယား) သီချင်း အပိုဒ် (၁) နှင့် (၂) တို့ကို သံစဉ်စည်းဝါး မှန်ကန်စွာသီဆိုခြင်း စာသင်ချိန် (၂)**

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

စည်း၊ ဝါး၊ သင်ထောက်ကူကားချပ် သို့မဟုတ် ဗီနိုင်းကားချပ်ပုံများကိုလည်း အသုံးပြုနိုင်ပါသည်။ "ဆန်းနွှေဦး" (အလွမ်းဘွဲ့ယိုးဒယား) သီချင်းကို ဆရာက ဗီဒီယိုဖိုင် သို့မဟုတ် အသံဖိုင်အား ကြည့်ရှု နားထောင်ပြီး ကြိုတင်လေ့ကျင့်ထားပါ။

**သင်ခန်းစာမိတ်ဆက်ခြင်း**

"ဆန်းနွှေဦး" (အလွမ်းဘွဲ့ယိုးဒယား) သီချင်း အပိုဒ် (၁) ကို သံစဉ်စည်းဝါးမှန်ကန်စွာ သီဆို လေ့ကျင့်ကြမည်ဟု ဆရာက ပြောပါ။ "ဆန်းနွှေဦး" (အလွမ်းဘွဲ့ယိုးဒယား) သီချင်းသည် စုံစည်းဖြင့် တီးခတ်သီဆိုရသော သီချင်းဖြစ်သည်။ သီချင်းသီဆိုသည့်အခါ အသံရှိန်နှင့် စည်းဝါးမှန်ကန်စွာ နွှေဦးရာသီသဘာဝအလှတရားများကို ပုံဖော်ခံစား သီဆိုရမည်ဖြစ်ကြောင်း ပြောပါ။

**သင်ကြားခြင်း**

"ဆန်းနွှေဦး" (အလွမ်းဘွဲ့ယိုးဒယား) သီချင်း အပိုဒ် (၁) ကို ဆရာက စည်းဝါးတီးခတ်၍ သီဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ ကျောင်းသားများအား အသံနေအသံထားနှင့် စည်းဝါးမှန်ကန် စေရန် ဂရုတစိုက် နားထောင်ပါစေ။ ထို့နောက် စည်းဝါးအဝင်အထွက်နှင့် အသံရှိန်ဆွဲရမည့်နေရာ များအား မှတ်သားစေ၍ ဆရာ့နောက်မှ လိုက်ဆိုစေပါမည်။ သီချင်းစာသားကိုကြည့်၍ ဆရာနှင့်အတူ ၃ ကြိမ်ခန့် လေ့ကျင့်သီဆိုပါစေ။ ကျောင်းသားများကိုယ်တိုင် လေ့ကျင့်သီဆိုပါစေ။ အထက်ပါနည်း အတိုင်း အပိုဒ် (၂) ကို ဆက်လက်သင်ကြားပေးပါ။

DBE BOX - Copyright Protected

**လေ့ကျင့်ခြင်း**

အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ "ဆန်းနွေဦး "(အလွမ်းဘွဲ့ ယိုးဒယား) သီချင်း အပိုဒ် (၁) အား အသံနေအသံထား မှန်ကန်စွာ အပြန်အလှန် အလှည့်ကျ သီဆိုပါစေ။ တစ်ဖွဲ့က သီဆိုနေစဉ် ကျန်အဖွဲ့က အကဲဖြတ်ပါစေ။ အကြံပြု၍ အပြန်အလှန်ကူညီသီဆိုပါစေ။ ကျောင်းသားတိုင်း ပါဝင်စေရန် ဆရာက ကြီးကြပ်ပေးပါ။

**သတိပြုရန်အချက်များ**

- စုံစည်းသည် စည်းနှင့်ဝါးကို ပြိုင်တူတီးခတ်ရသော စည်းမျိုးဖြစ်သည်။ စည်းတစ်ခန်းတွင် စုံစည်း ၂ ကြိမ် တီးခတ်ရသဖြင့် ပထမရိုက်ချက်နှင့် တတိယရိုက်ချက်တို့အပေါ်တွင် ကျရောက်သည်။
- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၆) မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းပြဆွေးနွေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း**

အဖွဲ့လိုက် သီဆိုနေစဉ် ဆရာက လိုက်လံကြည့်ရှု၍ ကျောင်းသားအားလုံး တက်ကြွစွာပါဝင်သီဆိုမှု ရှိ မရှိ၊ သီချင်းစာသားမှန်ကန်မှုနှင့် သံစဉ်စည်းဝါးမှန်ကန်မှု ရှိ မရှိတို့ကို အကဲဖြတ်ပါ။ အကဲဖြတ်တွေ့ရှိချက်များကို ကျောင်းသားများအား ပြောပြပါ။ ကျောင်းသားအချင်းချင်း အကြံပြုပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

**၁-၁-၃ "ဆန်းနွေဦး" (အလွမ်းဘွဲ့ ယိုးဒယား) သီချင်း အပိုဒ် (၃) ကို သံစဉ်စည်းဝါး မှန်ကန်စွာသီဆိုခြင်း စာသင်ချိန် (၃)**

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

စည်း၊ ဝါး၊ သင်ထောက်ကူကားချပ် သို့မဟုတ် ဗီနိုင်းကားချပ်ပုံများကိုလည်း အသုံးပြုနိုင်ပါသည်။ "ဆန်းနွေဦး "(အလွမ်းဘွဲ့ ယိုးဒယား) သီချင်းကို ဆရာက ဗီဒီယိုဖိုင် သို့မဟုတ် အသံဖိုင်အား ကြည့်ရှုနားထောင်ပြီး ကြိုတင်လေ့ကျင့်ထားပါ။

**သင်ခန်းစာမိတ်ဆက်ခြင်း**

ဆက်လက်၍ "ဆန်းနွေဦး "(အလွမ်းဘွဲ့ ယိုးဒယား) သီချင်းအပိုဒ် (၃) ကို စည်းဝါးတီးခတ်၍ သီဆို လေ့ကျင့်ကြမည်ဟု ဆရာက ပြောပါ။ သီချင်းသီဆိုသည့်အခါ အသံရှိန်၊ စည်းဝါးများကို သေချာစွာမှတ်သားစေ၍ နွေဦးရာသီ၏ ပတ်ဝန်းကျင် သဘာဝအလှတရားများကို ပုံဖော်ခံစားရင်း သီဆိုရမည်ဖြစ်ကြောင်းပြောပါ။

DBE LOX - Copyright Protected

### သင်ကြားခြင်း

"ဆန်းနွေဦး" (အလွမ်းဘွဲ့ယိုးဒယား) သီချင်းကို ဆရာက စည်းဝါးတီးခတ်၍ သီဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ ကျောင်းသားများအား အသံနေအသံထားနှင့် စည်းဝါးမှန်ကန်စေရန် ဂရုတစိုက်နားထောင်ပါစေ။ ထို့နောက် စည်းဝါးအဝင်အထွက်နေရာများကို သေချာစွာမှတ်သားစေ၍ ဆရာ့နောက်မှ လိုက်ဆိုစေပါမည်။ သီချင်းစာသားကိုကြည့်၍ ဆရာနှင့်အတူ ၃ ကြိမ်ခန့် လေ့ကျင့်သီဆိုပါစေ။ ကျောင်းသားများကိုယ်တိုင် စည်းဝါးတီးခတ်၍ လေ့ကျင့်သီဆိုပါစေ။

### လေ့ကျင့်ခြင်း

အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ "ဆန်းနွေဦး" (အလွမ်းဘွဲ့ယိုးဒယား) သီချင်း အစမှအဆုံးအထိ အသံနေအသံထားမှန်ကန်စွာ အပြန်အလှန် အလှည့်ကျ သီဆိုပါစေ။ တစ်ဖွဲ့က သီဆိုနေစဉ် ကျန်အဖွဲ့က စည်းဝါးတီးခတ်ပေးပါ။ အချင်းချင်း အကဲဖြတ်အကြံပြုပါစေ။ ကူညီသီဆိုပါစေ။ ကျောင်းသားတိုင်း ပါဝင်စေရန် ဆရာက ကြီးကြပ်ပေးပါ။

### သတိပြုရန်အချက်

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၇) မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းပြဆွေးနွေးပါ။

### ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း

အဖွဲ့လိုက် သီဆိုနေစဉ် ဆရာက လိုက်လံကြည့်ရှု၍ ကျောင်းသားအားလုံး ပါဝင်သီဆိုမှု ရှိ မရှိနှင့် သံစဉ်စည်းဝါး မှန်ကန်မှု ရှိ မရှိကို အကဲဖြတ်ပါ။ အကဲဖြတ်တွေ့ရှိချက်များကို ကျောင်းသားများအား ပြောပြပါ။ လိုအပ်ချက်များ တွေ့ရှိပါက ပြုပြင်ရန်ပြောပါ။ ကျောင်းသားအချင်းချင်း အကြံပြုပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

## ၁-၁-၄ "ဆန်းနွေဦး" (အလွမ်းဘွဲ့ယိုးဒယား) သီချင်းကို စည်းဝါးတီးခတ်သီဆိုခြင်း

**စာသင်ချိန် (၄)**

### သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

စည်း၊ ဝါး၊ သင်ထောက်ကူကားချပ် သို့မဟုတ် ဗီနိုင်းကားချပ်ပုံများကိုလည်း အသုံးပြုနိုင်ပါသည်။ "ဆန်းနွေဦး" (အလွမ်းဘွဲ့ယိုးဒယား) သီချင်းကို ဆရာက ဗီဒီယိုဖိုင် သို့မဟုတ် အသံဖိုင်အား ကြည့်ရှုနားထောင်ပြီး စည်းဝါးနှင့်တကွ ကြိုတင်လေ့ကျင့်ထားပါ။

## သင်ခန်းစာမိတ်ဆက်ခြင်း

"ဆန်းနွေဦး"(အလွမ်းဘွဲ့ယိုးဒယား) သီချင်း အစမှအဆုံးအထိ စည်းဝါးတီးခတ်၍ အသံနေအသံထား မှန်ကန်စွာဖြင့် သီဆိုရမည်ဖြစ်ကြောင်း၊ သီချင်းသီဆိုသည့်အခါ အသံနေအသံထား၊ စည်းဝါး အဝင်အထွက်များနှင့် အသံရှည်ဆွဲရမည့်နေရာများအား သတိပြု၍ သီဆိုရမည်ဖြစ်ကြောင်း ဆရာက ပြောပါ။

## သင်ကြားခြင်း

ဆရာက "ဆန်းနွေဦး" (အလွမ်းဘွဲ့ယိုးဒယား) သီချင်း အပိုဒ် (၁) ကို စည်းဝါးတီးခတ် သီဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ ကျောင်းသားများအား အသံနေအသံထားနှင့် အသံရှည်ဆွဲ သီဆိုရမည့်နေရာများအား သေချာစွာ မှတ်သားစေပြီး ဆရာ့နောက်မှ လိုက်ဆိုစေပါမည်။ သီချင်းစာသားကို ကြည့်၍ ဆရာနှင့်အတူ ၃ ကြိမ်ခန့် လေ့ကျင့်သီဆိုပါစေ။ ကျောင်းသားများကိုယ်တိုင် စည်းဝါးတီးခတ် လေ့ကျင့်သီဆိုပါစေ။ အထက်ပါအတိုင်း အပိုဒ် (၂) နှင့် အပိုဒ် (၃) တို့ကို လေ့ကျင့်သင်ကြားပေးပါ။ ထို့နောက် သီချင်းအစမှအဆုံးအထိ ကျောင်းသားများကိုယ်တိုင် စည်းဝါးတီးခတ်၍ လေ့ကျင့်သီဆိုပါစေ။ သီချင်းစာသားပေါ်ရှိ စည်းဝါးသင်္ကေတ (- +) များကို ကြည့်ပြီး မှန်ကန်စွာ တီးခတ်လေ့ကျင့်ပါစေ။

## လေ့ကျင့်ခြင်း

အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ "ဆန်းနွေဦး" (အလွမ်းဘွဲ့ယိုးဒယား) သီချင်း အစမှအဆုံးအထိ အသံနေအသံထားမှန်ကန်စွာ အပြန်အလှန် အလှည့်ကျ သီဆိုပါစေ။ တစ်ဖွဲ့က သီဆိုနေစဉ် ကျန်အဖွဲ့က စည်းဝါးတီးခတ်ပေးပါ။ အချင်းချင်း အကဲဖြတ် အကြံပြုပါစေ။ ကူညီသီဆိုပါစေ။ ကျောင်းသားတိုင်း ပါဝင်စေရန် ဆရာက ကြီးကြပ်ပေးပါ။

## သတိပြုရန်အချက်

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၉) မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းပြဆွေးနွေးပါ။

## ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း

အဖွဲ့လိုက် သီဆိုနေစဉ် ဆရာက လိုက်လံကြည့်ရှု၍ သံစဉ်စည်းဝါးမှန်ကန်မှု ရှိ မရှိနှင့် ကျောင်းသားအားလုံး တက်ကြွစွာပါဝင်သီဆို မှု ရှိ မရှိတို့ကို အကဲဖြတ်ပါ။ အကဲဖြတ်တွေ့ရှိချက်များကို ကျောင်းသားများအား ပြောပြပါ။ လိုအပ်ချက်များ တွေ့ရှိပါက ပြုပြင်ရန်ပြောပါ။ ကျောင်းသားအချင်းချင်း အကြံပြုပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။



DBE BOX Copyright Protected

## ၁–၁–၅ "ဆန်းနွေဦး" (အလွမ်းဘွဲ့ယိုးဒယား) သီချင်းကို ရသမြောက်အောင် သီဆိုခြင်း စာသင်ချိန် (၅)

### သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

စည်း၊ ဝါး၊ ကျောင်းသုံးစာအုပ်ပါ သရုပ်ဖော်ပုံများအပြင် သင်ထောက်ကူကားချပ် သို့မဟုတ် ဗီနိုင်းကားချပ်ပုံများကိုလည်း အသုံးပြုနိုင်ပါသည်။ "ဆန်းနွေဦး" (အလွမ်းဘွဲ့ယိုးဒယား) သီချင်းကို ဆရာက ဗီဒီယိုဖိုင် သို့မဟုတ် အသံဖိုင်အား ကြည့်ရှုနားထောင်ပြီး ကြိုတင်လေ့ကျင့်ထားပါ။

### သင်ခန်းစာမိတ်ဆက်ခြင်း

"ဆန်းနွေဦး" (အလွမ်းဘွဲ့ယိုးဒယား) သီချင်းကို အသံနေအသံထားမှန်ကန်စွာ ရသမြောက်အောင် လေ့ကျင့်သီဆိုရမည်ဖြစ်ကြောင်း ပြောပါ။ သီချင်းသီဆိုသည့်အခါ အသံနေအသံထား၊ စည်းဝါး မှန်စွာဖြင့် နွေဦးရာသီ၏ သဘာဝအလှတရားများကို ပုံဖော်ရင်း လွမ်းမောဖွယ်ခံစား သီဆိုရမည် ဖြစ်ကြောင်းပြောပါ။

### သင်ကြားခြင်း

"ဆန်းနွေဦး" (အလွမ်းဘွဲ့ယိုးဒယား) သီချင်းကို ဆရာက စည်းဝါးတီးခတ်၍ သီဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ ထို့နောက် ကျောင်းသားများအား အသံနေအသံထားနှင့် စည်းဝါးနေရာများ အား သေချာစွာမှတ်သားစေပြီး ဆရာ့နောက်မှ လိုက်ဆိုစေပါမည်။ "ဆန်းနွေဦး" (အလွမ်းဘွဲ့ယိုးဒယား) သီချင်းကို ကျောင်းသားများကိုယ်တိုင် အသံနေအသံထားနှင့် စည်းဝါးမှန်ကန်စွာဖြင့် ခံစားချက်ထည့်၍ ရသမြောက်အောင် သီဆိုပါစေ။ သီချင်း၏အဓိပ္ပာယ်ကို ပြန်လည်စဉ်းစားပြီး မိမိ၏စိတ်တွင် မည်သို့ ခံစားရသည်ကိုလည်း အချင်းချင်း ဆွေးနွေးပါစေ။ ကျောင်းသားတိုင်းပါဝင်နိုင်ရန်နှင့် စနစ်တကျရှိရန် ဆရာက ကြီးကြပ်ပေးပါ။

### လေ့ကျင့်ခြင်း

အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ "ဆန်းနွေဦး" (အလွမ်းဘွဲ့ယိုးဒယား) သီချင်း အစမှအဆုံးအထိ အသံနေ အသံထားမှန်ကန်စွာ အပြန်အလှန် အလှည့်ကျ သီဆိုပါစေ။ တစ်ဖွဲ့က သီဆိုနေစဉ် ကျန်အဖွဲ့က စည်းဝါးတီးခတ်ပေးပါ။ အချင်းချင်း အကဲဖြတ် အကြံပြုပါစေ။ ကူညီသီဆိုပါစေ။ ကျောင်းသားတိုင်း ပါဝင်စေရန် ဆရာကကြီးကြပ်ပေးပါ။

### သတိပြုရန်အချက်များ

- ရသမြောက်အောင် သီဆိုရာတွင် စကားလုံးများ ပီသစွာ သီဆိုရန် လိုအပ်ပါသည်။ စကားလုံးများ ပီသရန်မှာ စကားလုံးတွင်ရှိနေသော မူလအသံတို့၏ လေပြင်း၊ လေပျော့၊ အသံတို၊ အသံရှည်၊

အသံပြတ်နှင့် အသံရှိန်တန်ဖိုးတို့ကို သိရှိပြီး အတတ်နိုင်ဆုံး ပီပြင်အောင် သီဆိုရမည်။

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၁၀) မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းပြဆွေးနွေးပါ။

## ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း

အဖွဲ့လိုက် သီဆိုနေစဉ် ဆရာက လိုက်လံကြည့်ရှု၍ အသံနေအသံထားနှင့် သံစဉ်စည်းဝါး မှန်ကန်မှု ရှိ မရှိ တို့ကို အကဲဖြတ်ပါ။ အကဲဖြတ် တွေ့ရှိချက်များကို ကျောင်းသားများအား ပြောပြပါ။ လိုအပ်ချက်များ တွေ့ရှိပါက ပြုပြင်ရန်ပြောပါ။ ကျောင်းသားအချင်းချင်း အကြံပြုပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

## ၁–၂ "စည်းကမ်း" (ကာလပေါ်) သီချင်း စာသင်ချိန် ၄ ချိန်

## သင်ခန်းစာရည်ရွယ်ချက်

- ► "စည်းကမ်း" (ကာလပေါ်) သီချင်း၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး ခံစားမှုကို ပြောပြတတ်ရန်
- ► "စည်းကမ်း" (ကာလပေါ်) သီချင်းကို သံစဉ်စည်းဝါးမှန်ကန်စွာ ခံစားသီဆိုတတ်ရန်
- ► ကာလပေါ်သီချင်းကို မြတ်နိုးတန်ဖိုးထားတတ်ရန်

## ၁–၂–၁ "စည်းကမ်း" (ကာလပေါ်) သီချင်း၏ အဓိပ္ပာယ်ကို လေ့လာခြင်းနှင့် နားထောင်ခံစားခြင်း စာသင်ချိန် (၁)

## သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

စည်း၊ ဝါး၊ သင်ထောက်ကူကားချပ် သို့မဟုတ် ဗီနိုင်းကားချပ်ပုံများကိုလည်း အသုံးပြုနိုင်ပါသည်။ "စည်းကမ်း" (ကာလပေါ်) သီချင်းကို ဆရာက ဗီဒီယိုဖိုင် သို့မဟုတ် အသံဖိုင်အား ကြည့်ရှုနားထောင်ပြီး ကြိုတင်လေ့ကျင့်ထားပါ။

## သင်ခန်းစာမိတ်ဆက်ခြင်း

ဆရာက ကျောင်းသားများအား အလယ်တန်းဆင့်တွင် သင်ယူခဲ့ဖူးသော ကာလပေါ်သီချင်းများကို မေးမြန်းပါ။ ကျောင်းသားများ၏ ဖြေဆိုမှုပေါ်မူတည်၍ ကာလပေါ်သီချင်းများအကြောင်းကို လိုအပ်ပါက ဖြည့်စွက်ပြောကြားပေးပါ။ ဆက်လက်၍ စည်းကမ်းသီချင်းကို ယနေ့ သင်ကြားမည်ဖြစ်ကြောင်း၊ သီချင်းရေးသူမှာ (ဦး) မောင်မောင်သီဖြစ်ပြီး (ဒေါ်) မေလှမြိုင် သီဆိုထားသော တေးသီချင်းဖြစ်ကြောင်းပြောပါ။



DBE BOX - Copyright Protected

## သင်ကြားခြင်း

ပထမဦးစွာ "စည်းကမ်း" (ကာလပေါ်) သီချင်းကို ဆရာက ဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ ကျောင်းသားများအား စာသားကို သေချာစွာ နားထောင်၍ အဓိပ္ပာယ်ကို စဉ်းစားစေပါမည်။ ထို့နောက် ကျောင်းသားများအား သီချင်း၏ အဓိပ္ပာယ်ကို မိမိတို့နားလည်သည့်အတိုင်း အဖွဲ့လိုက် ဆွေးနွေး၍ ပြန်လည်တင်ပြပါစေ။ တစ်ဖွဲ့က ဆွေးနွေးနေစဉ် ကျန်အဖွဲ့များက သေချာစွာနားထောင်၍ ဖြည့်စွက် ဆွေးနွေး အကြံပြုပါစေ။ ထို့နောက် "စည်းကမ်း" (ကာလပေါ်) သီချင်း၏ အဓိပ္ပာယ်ကို ကျောင်းသား များ နားလည်စေရန် ဆရာက အောက်ပါအတိုင်း ရှင်းလင်းသင်ကြားပါ။

စည်းကမ်းဟူသည် စကားလုံး နှစ်လုံးတည်းဖြစ်သော်လည်း အလေးအနက် စဉ်းစားကြည့်ပါက လူသားအားလုံးအတွက် အလွန်တန်ဖိုးရှိသောစကားလုံးဖြစ်ပါသည်။ လုပ်ငန်းခွင်များတွင်လည်းကောင်း၊ လူမှုရေးနယ်ပယ်များတွင်လည်းကောင်း စည်းကမ်းကျနလိုက်နာခြင်းဖြင့် နိုင်ငံ၏ဂုဏ်သိက္ခာကို ဝံ့ကြွား တင့်တယ်စေနိုင်မည်ဖြစ်သည်။ ပြည်သူများအားလုံး စည်းကမ်းလိုက်နာခြင်းဖြင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုး တိုးတက်ကာ သာယာလာမည်ဖြစ်ပေသည်။ (မှတ်ချက်။ ။ ဆရာက ဖြည့်စွက်လိုသည်များကို ဖြည့်စွက် သင်ကြားနိုင်ပါသည်။)

ထို့နောက် "စည်းကမ်း" (ကာလပေါ်) သီချင်း အစမှအဆုံးအထိ ဆိုပြပါ သို့မဟုတ် သီချင်းဖွင့် ပြပါ။ ကျောင်းသားများအား ဂရုစိုက်နားထောင်ပါစေ။ ဆရာက အပိုဒ် (၁) သီချင်းစာသားများအား ဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ ကျောင်းသားများအား ဂရုတစိုက် နားထောင်ပါစေ။ သီချင်းစာသား ကို နားထောင်ပြီးနောက် မည်သို့ခံစားရသည်ကို အုပ်စုဖွဲ့၍ ဆွေးနွေးပါစေ။ ဆရာနှင့် ကျောင်းသား အပြန်အလှန်ဆွေးနွေးပါ။ အထက်ပါနည်းအတိုင်း အပိုဒ် (၂) ကို ဆွေးနွေးသင်ကြားပါ။

## လေ့ကျင့်ခြင်း

"စည်းကမ်း" (ကာလပေါ်) သီချင်း၏ အဓိပ္ပာယ်ကို မိမိတို့နားလည်သည့်အတိုင်း အဖွဲ့လိုက် ဆွေးနွေး၍ မည်သို့ခံစားရသည်ကို ပြန်လည်တင်ပြပါစေ။ တစ်ဖွဲ့က ဆွေးနွေးနေစဉ် ကျန်အဖွဲ့များက သေချာစွာ နားထောင်၍ ဖြည့်စွက်အကြံပြုပါစေ။ အပြန်အလှန် ဆွေးနွေးပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်ဆွေးနွေးပေးပါ။

## သတိပြုရန်အချက်

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၁၂) မှ အဓိကအချက်များကို ကျောင်းသားများ နားလည် အောင် ရှင်းလင်းဆွေးနွေးပါ။

## ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း

အဖွဲ့လိုက် ဆွေးနွေးနေစဉ် ဆရာက လိုက်လံကြည့်ရှု၍ ကျောင်းသားအားလုံး ပါဝင်ဆွေးနွေးမှု



DBE BOX - Copyright Protected

ရှိ မရှိတို့ကို အကဲဖြတ်ပါ။ လိုအပ်ချက်များတွေ့ရှိပါက ကျောင်းသားအချင်းချင်း အကြံပြုပါစေ။ ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

## ၁-၂-၂ "စည်းကမ်း" (ကာလပေါ်) သီချင်းကို သံစဉ်စည်းဝါး မှန်ကန်စွာ သီဆိုခြင်း စာသင်ချိန် (၂)

### သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

စည်း၊ ဝါး၊ သင်ထောက်ကူကားချပ် သို့မဟုတ် ဗီနိုင်းကားချပ်ပုံများကိုလည်း အသုံးပြုနိုင်ပါသည်။ "စည်းကမ်း" (ကာလပေါ်) သီချင်းကို ဆရာက ဗီဒီယိုဖိုင် သို့မဟုတ် အသံဖိုင်အား ကြည့်ရှုနားထောင်ပြီး ကြိုတင်လေ့ကျင့်ထားပါ။

### သင်ခန်းစာမိတ်ဆက်ခြင်း

ဆက်လက်၍ "စည်းကမ်း" (ကာလပေါ်) သီချင်း အစမှအဆုံးအထိ စည်းဝါးတီးခတ်၍ သီဆို လေ့ကျင့်ကြမည်ဟု ဆရာက ပြောပါ။ သီချင်းသီဆိုရာတွင် နရီစည်း၊ ဝါးလတ်စည်းနှင့် စည်းသုတ်စသည့် စည်းသုံးမျိုးဖြင့် သီဆိုရမည်ဖြစ်ကြောင်း၊ သံစဉ်စည်းဝါးမှန်ကန်စွာဖြင့် နိုင်ငံသားအားလုံး မည်သည့် နေရာတွင်မဆို စည်းကမ်းနှင့်အညီ လိုက်နာကျင့်သုံးပါက မိမိတို့၏ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း ပြောပြပါ။

### သင်ကြားခြင်း

"စည်းကမ်း" (ကာလပေါ်) သီချင်း အပိုဒ် (၁) ကို ဆရာက နရီစည်းဖြင့် လည်းကောင်း၊ အပိုဒ် (၂) ကို ဝါးလတ်စည်း (အကဲ) ဖြင့်လည်းကောင်း၊ အပိုဒ် (၃) ကို ဝါးလတ်စည်းအစိပ် (စည်းသုတ်) ဖြင့် လည်းကောင်း တီးခတ်၍ သီဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ ကျောင်းသားများအား အသံနေအသံ ထားနှင့် စည်းဝါးမှန်ကန်စေရန် ဂရုတစိုက် နားထောင်စေပြီး ဆရာ့နောက်မှ တစ်ပိုဒ်ချင်းစီ လိုက်ဆိုစေ ပါမည်။ သီချင်းစာသားကိုကြည့်၍ ဆရာနှင့်အတူ ၃ ကြိမ်ခန့် လေ့ကျင့်သီဆိုပါစေ။ ကျောင်းသားများ ကိုယ်တိုင် လေ့ကျင့်သီဆိုပါစေ။

### လေ့ကျင့်ခြင်း

အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ "စည်းကမ်း" (ကာလပေါ်) သီချင်း အစမှအဆုံးအထိ အသံနေအသံထားနှင့် စည်းဝါးမှန်ကန်စွာ အပြန်အလှန် အလှည့်ကျ သီဆိုပါစေ။ တစ်ဖွဲ့က သီဆိုနေစဉ် ကျန်အဖွဲ့က အသံနေအသံထားနှင့် စည်းဝါးမှန်ကန်မှု ရှိ မရှိတို့ကို လေ့လာအကဲဖြတ် အကြံပြုပါစေ။ ကူညီသီဆို ပါစေ။ ကျောင်းသားတိုင်း ပါဝင်စေရန် ဆရာက ကြီးကြပ်ပေးပါ။

### သတိပြုရန်အချက်

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၁၃) မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းပြဆွေးနွေးပါ။

### ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း

အဖွဲ့လိုက် သီဆိုနေစဉ် ဆရာက လိုက်လံကြည့်ရှု၍ သံစဉ်စည်းဝါးမှန်ကန်စွာ သီဆိုနိုင်မှု ရှိ မရှိကို အကဲဖြတ်ပါ။ အကဲဖြတ်တွေ့ရှိချက်များကို ကျောင်းသားများအား ပြောပြပါ။ ကျောင်းသားအချင်းချင်း အကြံပြုပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

## ၁–၂–၃ "စည်းကမ်း" (ကာလပေါ်) သီချင်းကို စည်းဝါးတီးခတ် သီဆိုခြင်း

**စာသင်ချိန် (၃)**

### သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

စည်း၊ ဝါး၊ သင်ထောက်ကူကားချပ် သို့မဟုတ် ဗီနိုင်းကားချပ် ပုံများကိုလည်း အသုံးပြုနိုင်ပါသည်။ "စည်းကမ်း" (ကာလပေါ်) သီချင်းကို ဆရာက ဗီဒီယိုဖိုင် သို့မဟုတ် အသံဖိုင်အား ကြည့်ရှုနားထောင်ပြီး ကြိုတင်လေ့ကျင့်ထားပါ။

### သင်ခန်းစာမိတ်ဆက်ခြင်း

ဆက်လက်၍ "စည်းကမ်း" (ကာလပေါ်) သီချင်း အစမှအဆုံးအထိ စည်းဝါးတီးခတ်၍ သီဆိုလေ့ကျင့်ကြမည်ဟု ပြောပါ။ သီချင်းသီဆိုရာတွင် နရီစည်း၊ ဝါးလတ်စည်းအကျဲ၊ ဝါးလတ်စည်းအစိပ် (စည်းသုတ်) ၃ မျိုးဖြင့် မှန်ကန်စွာ သီဆိုရမည်ဖြစ်ကြောင်းနှင့် နိုင်ငံသားတိုင်း လိုက်နာကျင့်သုံးအပ်သည့် စည်းကမ်းများကို လိုက်နာကျင့်သုံးသင့်ကြောင်းပြောပြပါ။

### သင်ကြားခြင်း

"စည်းကမ်း" (ကာလပေါ်) သီချင်း အပိုဒ် (၁) ကို ဆရာက စည်းဝါးတီးခတ်၍ သီဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ ကျောင်းသားများအား အသံနေအသံထားနှင့် စည်းဝါးမှန်ကန်စေရန် ဂရုတစိုက် နားထောင်ပြီး ဆရာ့နောက်မှ လိုက်ဆိုစေပါမည်။ သီချင်းစာသားကို ကြည့်၍ ဆရာနှင့်အတူ ၃ ကြိမ်ခန့် လေ့ကျင့်သီဆိုပါစေ။ ကျောင်းသားများကိုယ်တိုင် စည်းဝါးတီးခတ်၍ လေ့ကျင့်သီဆိုပါစေ။ အထက်ပါအတိုင်း အပိုဒ် (၂) ကို လေ့ကျင့်သင်ကြားပေးပါ။ ထို့နောက် သီချင်းအစမှအဆုံးအထိ ကျောင်းသားများကိုယ်တိုင် စည်းဝါးတီးခတ်၍ လေ့ကျင့်သီဆိုပါစေ။

DBEBOX - Copyright Protected

**လေ့ကျင့်ခြင်း**

အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ "စည်းကမ်း" (ကာလပေါ်) သီချင်း အစမှအဆုံးအထိ အသံနေအသံထား မှန်ကန်စွာ အပြန်အလှန် အလှည့်ကျ သီဆိုပါစေ။ တစ်ဖွဲ့က သီဆိုနေစဉ် ကျန်အဖွဲ့က စည်းဝါးတီးခတ်ပေးပါ။ အချင်းချင်း အကဲဖြတ် အကြံပြုပါစေ။ ကူညီသီဆိုပါစေ။ ကျောင်းသားတိုင်း ပါဝင်စေရန် ဆရာက ကြီးကြပ်ပေးပါ။

**သတိပြုရန်အချက်**

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၁၄) မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းပြဆွေးနွေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း**

အဖွဲ့လိုက် သီဆိုနေစဉ် ဆရာက လိုက်လံကြည့်ရှု၍ သံစဉ်စည်းဝါးနှင့် စာသားမှန်ကန်မှု ရှိ မရှိကို အကဲဖြတ်ပါ။ အကဲဖြတ်တွေ့ရှိချက်များကို ကျောင်းသားများအား ပြောပြပါ။ လိုအပ်ချက်များကို ပြုပြင်သီဆိုရန်ပြောပါ။ ကျောင်းသားအချင်းချင်း အကြံပြုပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

## ၁-၂-၄ "စည်းကမ်း" (ကာလပေါ်) သီချင်းကို 'ဒို ရေ မီ' သင်္ကေတဖြင့် သီဆိုလေ့ကျင့်ခြင်း  စာသင်ချိန် (၄)

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

စည်း၊ ဝါး၊ သင်ထောက်ကူကားချပ် သို့မဟုတ် ဗီနိုင်းကားချပ်ပုံများကိုလည်း အသုံးပြုနိုင်ပါသည်။ "စည်းကမ်း" (ကာလပေါ်) သီချင်းကို ဆရာက ဗီဒီယိုဖိုင် သို့မဟုတ် အသံဖိုင်အား ကြည့်ရှုနားထောင်ပြီး သင်္ကေတနှင့်တကွ ကြိုတင်လေ့ကျင့်ထားပါ။

**သင်ခန်းစာမိတ်ဆက်ခြင်း**

ဆရာက ကျောင်းသားများအား "စည်းကမ်း" (ကာလပေါ်) သီချင်းကို 'ဒို ရေ မီ' သင်္ကေတဖြင့် လေ့ကျင့်သီဆိုရမည်ဖြစ်ကြောင်း၊ သီချင်းသီဆိုရာတွင် အသံနေအသံထားနှင့် စည်းဝါးမှန်ကန်စွာ သီဆိုရမည်ဖြစ်ကြောင်း ပြောပါ။

**သင်ကြားခြင်း**

"စည်းကမ်း" (ကာလပေါ်) သီချင်း အပိုဒ် (၃) ကို ဆရာက စည်းဝါးတီးခတ်၍ သီဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ ကျောင်းသားများအား အသံနေအသံထားနှင့် စည်းဝါးမှန်ကန်စေရန်

DBE BOX - Copyright Protected

ဂရုတစိုက် နားထောင်ပါစေ။ ဆက်လက်၍ ဆရာက "စည်းကမ်း" (ကာလပေါ်) သီချင်း အပိုဒ် (၃) ကို ဂီတသင်္ကေတဖြင့် လေးချက်စည်းတီး၍ သီဆိုပြပါ။ ဂီတသင်္ကေတ အသံအနိမ့်အမြင့်များကို သေချာစွာ မှတ်သားပြီး ဆရာ့နောက်မှ လိုက်ဆိုစေပါမည်။ ထို့နောက် ဆရာနှင့်အတူ ၃ ကြိမ်ခန့် လေ့ကျင့်သီဆိုပါစေ။ ကျောင်းသားများကိုယ်တိုင် လေ့ကျင့်သီဆိုပါစေ။ (အချိန်ရပါက ကျန်အပိုဒ်များကို လည်း ဆက်လက်သင်ကြားနိုင်ပါသည်။)

**လေ့ကျင့်ခြင်း**

အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ "စည်းကမ်း" (ကာလပေါ်) သီချင်း အပိုဒ် (၃) ၏ ဂီတသင်္ကေတကို အသံနေ အသံထား စည်းဝါးမှန်ကန်စွာ အပြန်အလှန် အလှည့်ကျ သီဆိုပါစေ။ တစ်ဖွဲ့က သီဆိုနေစဉ် ကျန်အဖွဲ့က စည်းဝါးတီးခတ်ပေးရင်း အကဲဖြတ်ပါစေ။ အကြံပြုပါစေ။ အပြန်အလှန် ကူညီသီဆိုပါစေ။ ကျောင်းသားတိုင်း ပါဝင်စေရန် ဆရာက ကြီးကြပ်ပေးပါ။

**သတိပြုရန်အချက်**

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၁၅) မှ အဓိကအချက်များကို ကျောင်းသားများ နားလည် အောင် ရှင်းပြဆွေးနွေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း**

အဖွဲ့လိုက် သီဆိုနေစဉ် ဆရာက လိုက်လံကြည့်ရှု၍ ကျောင်းသားများ အသံနေအသံထားနှင့် စည်းဝါးမှန်ကန်မှု ရှိ မရှိတို့ကို အကဲဖြတ်ပါ။ အကဲဖြတ်တွေ့ရှိချက်များကို ကျောင်းသားများအား ပြောပြပါ။ လိုအပ်သည်များကို ပြုပြင်ရန် ပြောပါ။ ကျောင်းသားအချင်းချင်း အကြံပြုပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

**အခန်း (၁) အဆိုပညာကို ပြန်လည်သုံးသပ်ခြင်း**

အခန်း (၁) အဆိုပညာ ပြန်လည်သုံးသပ်ခြင်းကို ကျောင်းသုံးစာအုပ် စာမျက်နှာ (၁၅) တွင် ကျောင်းသားများနှင့်အတူ ပြန်လည်လေ့ကျင့်သုံးသပ်ပါ။

DBE BOX - Copyright Protected

# အခန်း (၂)

# အကပညာ

**စုစုပေါင်းစာသင်ချိန် ၇ ချိန်၊ တစ်ချိန် ၄၅ မိနစ်**

## သင်ယူမှုရလဒ်များ

- ကိန္နရာဟန်အက၊ ထဘီနားဆွဲအက၊ နှစ်ဆင့်သွားအထ (အပြေး) အက၊ ဘယ်လှန်ညာမှောက် နှစ်ဆင့်အကနှင့် ကြာဖူးချိုးအကတို့၏ ခေါင်း၊ ခါး၊ ခြေ၊ လက်၊ မျက်နှာလှုပ်ရှားမှုများကို ရှင်းပြနိုင်ပြီး စည်းဝါးမှန်စွာ စနစ်တကျ ကပြတတ်မည်။ အခြေခံကဗျာလွတ် ကကွက်များကို လက်တွေ့လေ့ကျင့်ပြီး မြန်မာ့ရိုးရာ အကပညာကို မြတ်နိုးတန်ဖိုးထားတတ်လာမည်။

## ၂-၁ ကိန္နရာဟန်အက၊ ထဘီနားဆွဲအကနှင့် နှစ်ဆင့်သွားအထ (အပြေး) အက

**စာသင်ချိန် (၄) ချိန်**

## သင်ခန်းစာရည်ရွယ်ချက်များ

- ကိန္နရာဟန်အက၊ ထဘီနားဆွဲအကနှင့် နှစ်ဆင့်သွားအထ (အပြေး) အက တို့၏ ခေါင်း၊ ခါး၊ ခြေ၊ လက်၊ မျက်နှာလှုပ်ရှားမှုများကို ရှင်းပြနိုင်ပြီး စည်းဝါးမှန်စွာ စနစ်တကျကပြတတ်ရန်
- အခြေခံကဗျာလွတ်ကကွက်များကို လက်တွေ့လေ့ကျင့်ပြီး မြန်မာ့ရိုးရာ အကပညာကို မြတ်နိုး တန်ဖိုးထားတတ်ရန်

## ၂-၁-၁ ကိန္နရာဟန်အကကို သင်ကြားလေ့ကျင့်ခြင်း

**စာသင်ချိန် (၁)**

## သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

ကိန္နရာဟန်အက၏ ကကွက်ပုံများ (ကျောင်းသုံးစာအုပ်ပါ သရုပ်ဖော်ပုံများအပြင် သင်ထောက်ကူကားချပ် သို့မဟုတ် ဗီနိုင်းကားချပ်ပုံများ) ကို အသုံးပြုနိုင်သည်။ သင်ခန်းစာရှိ ကကွက်များပါသော ဗီဒီယိုဖိုင် (ကနည်းကဟန်) များကိုကြည့်ပြီး ဆရာက ကြိုတင်လေ့ကျင့်ထားပါ။

## သင်ခန်းစာမိတ်ဆက်ခြင်း

ဆရာက ကျောင်းသားများအား အလယ်တန်းအဆင့်တွင် မည်သည့်ကကွက်များကို သင်ယူခဲ့ကြသနည်း။ ထိုကကွက်များကို လက်တွေ့လေ့ကျင့်ရာတွင် တွေ့ရှိရသော အခက်အခဲများနှင့် စိတ်ခံစားမှုတို့ကိုမေး၍ နိဒါန်းပျိုးပါ။ ရရှိလာသော အဖြေပေါ်မူတည်၍ ကျောင်းသားအချင်းချင်း ဆွေးနွေးပါစေ။ လိုအပ်လျှင် ဆရာကဖြည့်စွက်ရှင်းလင်းပေးပါ။ ဆက်လက်၍ အမျိုးသမီးအခြေခံကဗျာလွတ်အကပထမအဆင့်မှ ကိန္နရာဟန်အကကို ယနေ့သင်ပေးမည်ဖြစ်ကြောင်း ပြောပါ။

DBF BOX - Copyright Protected

အကမကမီ အလယ်တန်းတွင် သင်ယူခဲ့သော "ခွင်" ပုံစံနှင့် ကကွက်အချို့ကို ပြန်လည်လေ့ကျင့်ကြမည်ဟု ပြောပါ။ ကကွက်များကို လေ့ကျင့်ရာတွင် စည်း ၈ ချက်၊ ဝါး ၈ ချက်ပြည့်အောင် ဂရုစိုက်၍ ကရန် သတိပေးပါ။ လိုအပ်ပါက ပြုပြင်ပေးပါ။ ဆရာက စည်းနှင့်ဝါးကို တီးခတ်ပေးပါ။

**သင်ကြားခြင်း**

ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၁၇) နှင့် (၁၈) တို့မှ ပုံများနှင့် သင်ထောက်ကူများကို ရည်ညွှန်း၍ ဆရာက ကကွက်အဆင့်များအတိုင်း ကပြပါ သို့မဟုတ် ဗီဒီယိုဖိုင် ဖွင့်ပြပါ။ ကျောင်းသားများအား ဆရာ ကပြသည့် ကကွက်တစ်ဆင့်ချင်းကို သေချာစွာမှတ်သားပြီး ဆရာ့နောက်က လိုက်ကပါစေ။ ကကွက်အဆင့်များ၏ အဓိကအချက်များကို ပြောပြပြီးနောက် ဆရာနှင့်အတူ လိုက်ကရန် ပြောပါ။

**လေ့ကျင့်ခြင်း**

ကကွက်အဆင့်များအတိုင်း ကျောင်းသားများအား အုပ်စုလိုက် စည်းဝါးကျနစွာ ဆရာနှင့်အတူ လေ့ကျင့်ပါစေ။ ကျောင်းသားတိုင်း ပါဝင်နိုင်ရန်နှင့် စနစ်တကျရှိရန် ဆရာကကြီးကြပ်ပေးပါ။ ထိုသို့ လေ့ကျင့်ရာတွင် မှန်ကန်စွာ မကနိုင်သေးသော ကျောင်းသားများကို ကနိုင်သည့် ကျောင်းသားများက ကူညီ၍ ပူးပေါင်းလေ့ကျင့်ပါစေ။ တစ်ဖွဲ့က ကနေစဉ် ကျန်အဖွဲ့များက ကြည့်ရှုလေ့လာပါစေ။ အဖွဲ့လိုက် စည်းဝါးနှင့်အညီ ပျော်ရွှင်စွာ ကပါစေ။

**သတိပြုရန်အချက်**

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၁၉) မှ အဓိကအချက်များကို ကျောင်းသားများနားလည်အောင် ရှင်းလင်းဆွေးနွေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း**

ကိန္နရာဟန်အကကို ကျောင်းသားများ လေ့ကျင့်နေစဉ် ဆရာက လိုက်ကြည့်ပြီး လိုအပ်ချက်များကို ဖြည့်စွက်သင်ကြားပေးပါ။ ကကွက်မှန်စွာမကနိုင်သေးသော ကျောင်းသားများအား မှန်ကန်စွာ ကနိုင်သည့် ကျောင်းသားများက ကူညီခြင်း သို့မဟုတ် ဆရာက ထပ်မံလေ့ကျင့်သင်ကြားပေးခြင်းများ ပြုလုပ်ပေးပါ။

**၂-၁-၂ ထဘီနားဆွဲအကကို သင်ကြားလေ့ကျင့်ခြင်း စာသင်ချိန် (၂)**

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

ထဘီနားဆွဲအက၏ ကကွက်ပုံများ (ကျောင်းသုံးစာအုပ်ပါ သရုပ်ဖော်ပုံများအပြင် သင်ထောက်ကူကားချပ် သို့မဟုတ် ဗီနိုင်းကားချပ်ပုံများ) ကို အသုံးပြုနိုင်သည်။ သင်ခန်းစာရှိ ကကွက်များပါသော

ဗီဒီယိုဖိုင် (ကနည်းကဟန်) များကိုကြည့်ပြီး ဆရာက ကြိုတင်လေ့ကျင့်ထားပါ။

**သင်ခန်းစာမိတ်ဆက်ခြင်း**

ဆရာက ကျောင်းသားများအား စာသင်ချိန် (၁) တွင် သင်ယူခဲ့သော ကကွက်များနှင့် ထိုကကွက်များ၏ သတိပြုရမည့်အချက်များကို မေးပါ။ အဖြေပေါ်မူတည်၍ ကျောင်းသားအချင်းချင်း ဆွေးနွေးပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်ရှင်းလင်းပေးပါ။ ထို့နောက် ကျောင်းသားများအား အုပ်စုများဖွဲ့၍ ယင်းကကွက်ကို ပြန်လည်လေ့ကျင့်ကြမည်ဟု ပြောပါ။ လေ့ကျင့်ရာတွင် ခေါင်း၊ ခါး၊ ခြေ၊ လက် စည်းဝါးမှန်စေရန် သတိပေးပါ။ လိုအပ်ပါက ပြုပြင်ပေးပါ။ ဆရာက စည်းနှင့်ဝါးကို တီးခတ်ပေးပါ။ ဆက်လက်၍ ထဘီနားဆွဲအကကို ယနေ့ သင်ပေးမည်ဟု ပြောပါ။

**သင်ကြားခြင်း**

ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၂၀) နှင့် (၂၁) မှ ပုံများနှင့် သင်ထောက်ကူများကို ရည်ညွှန်း၍ ဆရာက ကကွက်အဆင့်များအတိုင်း ရှင်းလင်းသင်ကြားပါ သို့မဟုတ် ဗီဒီယိုဖိုင်ဖွင့်ပြပါ။ ကျောင်းသားများအား ဆရာကပြသည့် ကကွက်အဆင့်များကိုကြည့်၍ သေချာစွာမှတ်သားပါစေ။ ကကွက်အဆင့်များ၏ အဓိကအချက်များကို ပြောပြပြီး ဆရာနှင့်အတူ လိုက်ကရန် ပြောပါ။

**လေ့ကျင့်ခြင်း**

ကကွက်အဆင့်များအတိုင်း ကျောင်းသားများအား အုပ်စုလိုက် စည်းဝါးကျနစွာ ဆရာနှင့်အတူ လေ့ကျင့်ပါစေ။ ကျောင်းသားတိုင်း ပါဝင်နိုင်ရန်နှင့် စနစ်တကျရှိရန် ဆရာကကြီးကြပ်ပေးပါ။ ထိုသို့ လေ့ကျင့်ရာတွင် မှန်ကန်စွာ မကနိုင်သေးသော ကျောင်းသားများကို ကနိုင်သည့် ကျောင်းသားများက ကူညီ၍ ပူးပေါင်းလေ့ကျင့်ပါစေ။ တစ်ဖွဲ့က ကနေစဉ် ကျန်အဖွဲ့များက ကြည့်ရှုလေ့လာပါစေ။ အဖွဲ့လိုက် စည်းဝါးနှင့်အညီ ပျော်ရွှင်စွာ ကပါစေ။

**သတိပြုရန်အချက်**

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၂၀) မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းလင်းဆွေးနွေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း**

ထဘီနားဆွဲအကကို ကျောင်းသားများ လေ့ကျင့်နေစဉ် ဆရာက လိုက်ကြည့်ပြီး လိုအပ်ချက်များကို ဖြည့်စွက်သင်ကြားပေးပါ။ ကကွက်မှန်စွာ မကနိုင်သေးသော ကျောင်းသားများအား မှန်ကန်စွာ ကနိုင်သည့် ကျောင်းသားများ သို့မဟုတ် ဆရာက လေ့ကျင့်သင်ကြားပေးပါ။

DBE BOX Copyright Protected

## ၂–၁–၃ နှစ်ဆင့်သွားအထ (အပြေး) အကကို သင်ကြားလေ့ကျင့်ခြင်း စာသင်ချိန် (၃)

### သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

နှစ်ဆင့်သွားအထ(အပြေး)အက၏ကကွက်ပုံများ(ကျောင်းသုံးစာအုပ်ပါသရုပ်ဖော်ပုံများအပြင် သင်ထောက်ကူကားချပ် သို့မဟုတ် ဗီနိုင်းကားချပ်ပုံများ) ကို အသုံးပြုနိုင်သည်။ သင်ခန်းစာရှိ ကကွက်များပါသော ဗီဒီယိုဖိုင် (ကနည်းကဟန်) များကိုကြည့်ပြီး ဆရာက ကြိုတင်လေ့ကျင့်ထားပါ။

### သင်ခန်းစာမိတ်ဆက်ခြင်း

ဆရာက ကျောင်းသားများအား စာသင်ချိန် (၁) နှင့် (၂) တွင် သင်ယူခဲ့သော ကကွက်များနှင့် တွေ့ရှိရသော အခက်အခဲများ၊ စိတ်ခံစားမှုများကိုပြန်လည်မေးမြန်း၍ နိဒါန်းပျိုးပါ။ ကျောင်းသားများ၏ အဖြေပေါ်မူတည်၍ အချင်းချင်း ဆွေးနွေးပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်ရှင်းလင်းပေးပါ။ ထို့နောက် ကျောင်းသားများအား ယင်းကကွက်များကို ပြန်လည်လေ့ကျင့်ကြမည်ဟုပြောပါ။ လေ့ကျင့်ရာတွင် ခေါင်း၊ ခါး၊ ခြေ၊ လက်၊ စည်းဝါးမှန်စေရန် သတိပေးပါ။ လိုအပ်ပါက ပြုပြင်ပေးပါ။ ဆရာက စည်းနှင့်ဝါးကို တီးခတ်ပေးပါ။ ဆက်လက်၍ နှစ်ဆင့်သွားအထ (အပြေး) အကကို ယနေ့ သင်ပေးမည်ဟု ပြောပါ။

### သင်ကြားခြင်း

ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၂၂) မှ ပုံများနှင့် သင်ထောက်ကူများကို ရည်ညွှန်း၍ ဆရာက ကကွက်အဆင့်များအတိုင်း ရှင်းလင်းသင်ကြားပါ သို့မဟုတ် ဗီဒီယိုဖိုင် ဖွင့်ပြပါ။ ကျောင်းသားများအား ဆရာကပြသည့် ကကွက်အဆင့်များကိုကြည့်၍ သေချာစွာမှတ်သားပါစေ။ ကကွက်အဆင့်များ၏ အဓိကအချက်များကို ပြောပြပြီး ဆရာနှင့်အတူ လိုက်ကရန် ပြောပါ။

### လေ့ကျင့်ခြင်း

ကကွက်အဆင့်များအတိုင်း ကျောင်းသားများအား အုပ်စုလိုက် စည်းဝါးကျနစွာ ဆရာနှင့်အတူ လေ့ကျင့်ပါစေ။ ကျောင်းသားတိုင်း ပါဝင်နိုင်ရန်နှင့် စနစ်တကျရှိရန် ဆရာကကြီးကြပ်ပေးပါ။ ထိုသို့ လေ့ကျင့်ရာတွင် မှန်ကန်စွာ မကနိုင်သေးသော ကျောင်းသားများကို ကနိုင်သည့် ကျောင်းသားများက ကူညီ၍ ပူးပေါင်းလေ့ကျင့်ပါစေ။ တစ်ဖွဲ့က ကနေစဉ် ကျန်အဖွဲ့များက ကြည့်ရှုလေ့လာပါစေ။ အဖွဲ့လိုက် စည်းဝါးနှင့်အညီ ပျော်ရွှင်စွာ ကပါစေ။

### သတိပြုရန်အချက်

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၂၃) မှ အဓိကအချက်များကို ကျောင်းသားများနားလည် အောင် ရှင်းလင်းဆွေးနွေးပါ။

## ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း

နှစ်ဆင့်သွားအထ (အပြေး) အကကို ကျောင်းသားများ လေ့ကျင့်နေစဉ် ဆရာက လိုက်ကြည့်ပြီး လိုအပ်ချက်များကို ဖြည့်စွက်သင်ကြားပေးပါ။ ကကွက်မှန်စွာ မကနိုင်သေးသော ကျောင်းသားများအား မှန်ကန်စွာ ကနိုင်သည့် ကျောင်းသားများ သို့မဟုတ် ဆရာက လေ့ကျင့်သင်ကြားပေးပါ။

## ၂-၁-၄ ကိန္နရာဟန်အက၊ ထဘီနားဆွဲအကနှင့် နှစ်ဆင့်သွားအထ (အပြေး) အကတို့ကို စည်းဝါးဒိုးချက်တို့ဖြင့် သင်ကြားလေ့ကျင့်ခြင်း စာသင်ချိန် (၄)

## သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

စည်းဝါး၊ ကိန္နရာဟန်အက၊ ထဘီနားဆွဲအကနှင့် နှစ်ဆင့်သွားအထ (အပြေး) အကတို့၏ ကကွက်ပုံများ (ကျောင်းသုံးစာအုပ်ပါ သရုပ်ဖော်ပုံများအပြင် သင်ထောက်ကူကားချပ် သို့မဟုတ် ဗီနိုင်းကားချပ်ပုံများ) ကို အသုံးပြုနိုင်သည်။ သင်ခန်းစာရှိ ကကွက်များပါသော ဗီဒီယိုဖိုင် (ကနည်းကဟန်) များကိုကြည့်ပြီး ဆရာက ကြိုတင်လေ့ကျင့်ထားပါ။

## သင်ခန်းစာမိတ်ဆက်ခြင်း

ဆရာက ကျောင်းသားများအား စာသင်ချိန် (၁)၊ (၂) နှင့် (၃) တို့တွင် သင်ယူခဲ့သော ကိန္နရာဟန်အက၊ ထဘီနားဆွဲအကနှင့် နှစ်ဆင့်သွားအထ (အပြေး) အကများကို လေ့ကျင့်သင်ယူရာတွင် သတိပြုရသည့် အချက်များကို မေးပါ။ ကျောင်းသားများ၏ အဖြေပေါ် မူတည်၍ အချင်းချင်း ဆွေးနွေးပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်ရှင်းလင်းပေးပါ။ ထို့နောက် ယင်းကကွက်များကို ပြန်လည်လေ့ကျင့်ကြမည်ဟုပြောပါ။ လေ့ကျင့်ရာတွင် ခေါင်း၊ ခါး၊ ခြေ၊ လက်၊ စည်းဝါးမှန်စေရန် သတိပေးပါ။ လိုအပ်ပါက ပြုပြင်ပေးပါ။ ဆရာက စည်းနှင့်ဝါးကို တီးခတ်ပေးပါ။ ဆက်လက်၍ ယင်းကိန္နရာဟန်အက၊ ထဘီနားဆွဲအကနှင့် နှစ်ဆင့်သွားအထ (အပြေး) အကတို့ကို စည်းဝါးဒိုးချက်တို့ဖြင့် သင်ကြားပေးမည်ဟုပြောပါ။

## သင်ကြားခြင်း

ပထမဦးစွာ ဆရာက စည်းဝါးတီးခတ်၍ အခြေခံကဗျာလွတ်ကကွက်၏ ဒိုးချက်သံ (တို့ဗေဒိုးဗေ တို့ဗေဒိုးဗေ ပြေးပြေးတပ်ပြေး တပ်ပြေး တပ် ) ကို အသံဖိုင်ဖွင့်၍ဖြစ်စေ၊ နှုတ်ကရွတ်ဆို၍ဖြစ်စေ ကျောင်းသားများအား နားထောင်စေပါမည်။ ပထမ ၄ ဝါးရှိ ဒိုးချက်သည် ကရန် အသင့်အနေအထား (ခွင်) ပုံစံ ယူထားရန်ဖြစ်သည်။ ပဉ္စမမြောက် ဝါးချက်မှစ၍ အကစတင်ကြောင်း ရှင်းပြပေးပါ။ ဆက်လက်၍ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၂၄)၊ (၂၅) နှင့် (၂၆) တို့မှ ကကွက်အဆင့်များကို ဆရာက ကပြပါ သို့မဟုတ် ဗီဒီယိုဖိုင်ဖွင့်ပြပါ။ ကျောင်းသားများအား ဆရာ က ပြသော ကကွက် တစ်ဆင့်ချင်းစီကို သေချာစွာကြည့်ရှုလေ့လာစေပြီး လိုက်ကရန်ပြောပါ။ သရုပ်ပြရှင်းစဉ် ကျောင်းသားများအား သတိပြုရမည့် အချက်များကို ပြောပြပါ။ စည်းဝါးဒိုးချက်မှန်မှန်နှင့် ခွင်ပုံစံမပျက် စနစ်တကျ ကရန် ပြောပါ။

**လေ့ကျင့်ခြင်း**

အထက်ပါအဆင့်များအတိုင်း လေ့ကျင့်သင်ကြားပြီးပါက ကျောင်းသားနှစ်ဦး သို့မဟုတ် သုံးဦး ဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ ဆရာနှင့်အတူ လေ့ကျင့်ပါစေ။ ကျောင်းသားတိုင်းပါဝင်နိုင်ရန်နှင့် စနစ်တကျရှိရန် ဆရာက ကြီးကြပ်ပေးပါ။ ထိုသို့လေ့ကျင့်ရာတွင် မှန်ကန်စွာမကနိုင်သေးသော ကျောင်းသားများအား ကနိုင်သည့် ကျောင်းသားများက ကူညီ၍ ပူးပေါင်းလေ့ကျင့်ပါစေ။ တစ်ဖွဲ့က က နေစဉ် ကျန်အဖွဲ့များက ကြည့်ရှုလေ့လာပါစေ။ အဖွဲ့လိုက် စည်းဝါးဒိုးချက်နှင့်အညီ ပျော်ရွှင်စွာ ကပါစေ။

**သတိပြုရန်အချက်များ**

- ပဌမမြောက်ဝါးတွင် အကလှုပ်ရှားမှု စတင်ရန်ဖြစ်သော်လည်း ကကွက်သည် စည်းမှ စတင်သောကြောင့် ဝါးချက်တွင် မလှုပ်ရှားရပါ။ ပဌမမြောက် စည်းတွင်သာ စတင်လှုပ်ရှားရန် ဖြစ်သည်။
- (တို့ဗေဒိုးဗေ တို့ဗေဒိုးဗေ ပြေးပြေးတပ်ပြေး တပ်ပြေး တပ်) ဒိုးချက်သည် အကစတင်ခြင်းနှင့် ကကွက် ကူးပြောင်းမှုများတွင် သတိပြုမိစေရန် အသုံးပြုသည်။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း**

တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ကကွက်များကို လေ့ကျင့်နေစဉ် ဆရာက လိုက်ကြည့်၍ စိတ်ပါဝင်စားစွာ စည်းဝါးကျနစွာ ကနိုင်မှု ရှိ မရှိတို့ကို အကဲဖြတ်ပါ။ လိုအပ်ချက်များကို ဆရာက သင်ကြားပေးပါ။ ကျောင်းသားအချင်းချင်း အကြံပြု၍ ကူညီလေ့ကျင့်ပါစေ။ ပိုင်နိုင်စွာ မကနိုင်သေးသည့် ကကွက်များကို ဆရာက ထပ်မံလေ့ကျင့်ပေးပါ။

## ၂-၂ ဘယ်လှန်ညာမှောက်နှစ်ဆင့်အကနှင့် ကြာဖူးချိုးအက စာသင်ချိန် (၃) ချိန်

**သင်ခန်းစာရည်ရွယ်ချက်များ**

- ► ဘယ်လှန်ညာမှောက်နှစ်ဆင့်အကနှင့် ကြာဖူးချိုးအကတို့၏ ခေါင်း၊ ခါး၊ ခြေ၊ လက်၊ မျက်နှာ လှုပ်ရှားမှုများကို ရှင်းပြနိုင်ပြီး စည်းဝါးမှန်စွာ စနစ်တကျကပြတတ်ရန်
- ► အမျိုးသားအခြေခံကဗျာလွတ် ကကွက်များကို လက်တွေ့လေ့ကျင့်ပြီး မြန်မာ့ရိုးရာ အကပညာ ကို မြတ်နိုးတန်ဖိုးထားတတ်ရန်

### ၂-၂-၁ ဘယ်လှန်ညာမှောက်နှစ်ဆင့်အကကို သင်ကြားလေ့ကျင့်ခြင်း စာသင်ချိန် (၁)

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

ဘယ်လှန်ညာမှောက်နှစ်ဆင့်အက၏ ကကွက်ပုံများ (ကျောင်းသုံးစာအုပ်ပါ သရုပ်ဖော်ပုံများ

LIBEBOX - Copyright Protected

အပြင် သင်ထောက်ကူကားချပ် သို့မဟုတ် ဗီနိုင်းကားချပ်ပုံများ) ကို အသုံးပြုနိုင်သည်။ သင်ခန်းစာရှိ ကကွက်များပါသော ဗီဒီယိုဖိုင် (ကနည်းကဟန်) များကိုကြည့်ပြီး ဆရာက ကြိုတင်လေ့ကျင့်ထားပါ။

**သင်ခန်းစာမိတ်ဆက်ခြင်း**

ဆရာက ကျောင်းသားများအား အလယ်တန်းအဆင့်တွင် မည်သည့်ကကွက်များ သင်ယူခဲ့ကြသနည်း။ ထိုကကွက်များကို သင်ယူစဉ်က တွေ့ရှိရသော အခက်အခဲများနှင့် သတိပြုရမည့်အချက်များကိုမေး၍ နိဒါန်းပျိုးပါ။ ရရှိလာသော အဖြေပေါ်မူတည်၍ ကျောင်းသားအချင်းချင်း ဆွေးနွေးပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်ရှင်းလင်းပေးပါ။ ထို့နောက် အမျိုးသားအခြေခံကဗျာလွတ်အကပထမအဆင့်ရှိ ဘယ်လှန်ညာမှောက်နှစ်ဆင့်အကကို ယနေ့လေ့ကျင့်ကြမည်ဟု ပြောပါ။ လေ့ကျင့်ရာတွင် ခေါင်း၊ ခါး၊ ခြေ၊ လက်၊ စည်းဝါးမှန်စေရန် သတိပြုရမည်ဖြစ်ကြောင်းပြောပါ။

**သင်ကြားခြင်း**

ကျောင်းသုံးစာအုပ်ပါ ကကွက်အဆင့်များ သို့မဟုတ် ကကွက်ပုံများနှင့် သင်ထောက်ကူများကို ရည်ညွှန်း၍ ဆရာက ကျောင်းသားများအား သရုပ်ပြရှင်းလင်းသင်ကြားပါ သို့မဟုတ် ဗီဒီယိုဖိုင်ဖွင့်ပြပါ။ ကျောင်းသားများအား ဆရာ က ပြသော ကကွက်တစ်ဆင့်ချင်းကို သေချာစွာမှတ်သားပြီး လိုက်ကရန် ပြောပါ။ သရုပ်ပြရှင်းစဉ် ကျောင်းသားများ သတိထားရမည့် အချက်များကို ပြောပြပါ။

**လေ့ကျင့်ခြင်း**

ကကွက်အဆင့်များအတိုင်း သင်ကြားပြီးပါက ကျောင်းသားနှစ်ဦး သို့မဟုတ် သုံးဦးဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ ဆရာနှင့်အတူ လေ့ကျင့်ပါစေ။ ထိုသို့ လေ့ကျင့်ရာတွင် မှန်ကန်စွာမကနိုင်သေးသော ကျောင်းသားများကို ကနိုင်သည့် ကျောင်းသားများက ကူညီ၍ ပူးပေါင်းလေ့ကျင့်ပါစေ။ ကျောင်းသားတိုင်း ပါဝင်နိုင်ရန်နှင့် စနစ်တကျရှိရန် ဆရာက ကြီးကြပ်ပေးပါ။ တစ်ဖွဲ့က က နေစဉ် ကျန်အဖွဲ့များက ကြည့်ရှုလေ့လာပါစေ။ အဖွဲ့လိုက် စည်းဝါးနှင့်အညီ ပျော်ရွှင်စွာ ကပါစေ။

**သတိပြုရန်အချက်**

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၂၈) မှ အဓိကအချက်များကို ကျောင်းသားများနားလည်အောင် ရှင်းလင်းဆွေးနွေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း**

တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဘယ်လှန်ညာမှောက်နှစ်ဆင့်အကကို လေ့ကျင့်နေစဉ် ဆရာက လိုက်ကြည့်၍ စနစ်တကျနှင့် စည်းဝါးကျနစွာ က နိုင်မှု ရှိ မရှိတို့ကို အကဲဖြတ်ပါ။ လိုအပ်ချက်များကို ဆရာက ဖြည့်စွက်သင်ကြားပေးပါ။ ကျောင်းသားအချင်းချင်း အကြံပြု၍ ကူညီလေ့ကျင့်ပါစေ။



DBE BOX Copyright Protected

ပိုင်နိုင်စွာမကနိုင်သေးသည့် ကကွက်များကို ဆရာက ထပ်မံလေ့ကျင့်ပေးပါ။ စနစ်တကျမကနိုင်သေးသည့် ကျောင်းသားများကို စနစ်ကျစွာ ကနိုင်သည့် ကျောင်းသားများက အချင်းချင်း ကူညီပေးပါ။

## ၂-၂-၂ ကြာဖူးချိုးအကကို သင်ကြားလေ့ကျင့်ခြင်း စာသင်ချိန် (၂)

### သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

ကြာဖူးချိုးအက၏ ကကွက်ပုံများ (ကျောင်းသုံးစာအုပ်ပါ သရုပ်ဖော်ပုံများအပြင် သင်ထောက်ကူကားချပ် သို့မဟုတ် ဗီနိုင်းကားချပ်ပုံများ) ကို အသုံးပြုနိုင်သည်။ သင်ခန်းစာရှိ ကကွက်များပါသော ဗီဒီယိုဖိုင် (ကနည်းကဟန်) များကိုကြည့်ပြီး ဆရာက ကြိုတင်လေ့ကျင့်ထားပါ။

### သင်ခန်းစာမိတ်ဆက်ခြင်း

ဆရာက ကျောင်းသားများအား စာသင်ချိန် (၁) တွင် သင်ယူခဲ့သော ကကွက်အဆင့်များ၏ သတိပြုရမည့်အချက်များနှင့် ထိုကကွက်များကို လေ့ကျင့်ရာတွင် တွေ့ရှိရသော အခက်အခဲများ၊ စိတ်ခံစားမှုများကိုမေး၍ နိဒါန်းပျိုးပါ။ ကျောင်းသားများ၏ အဖြေပေါ် မူတည်၍ အချင်းချင်း ဆွေးနွေးပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်ရှင်းလင်းပေးပါ။ ထို့နောက် ယင်းကကွက်ကို ပြန်လည်လေ့ကျင့်ကြမည်ဟုပြောပါ။ လေ့ကျင့်ရာတွင် ခေါင်း၊ ခါး၊ ခြေ၊ လက်၊ မျက်နှာအမူအရာနှင့် စည်းဝါးမှန်စေရန် သတိပြုရမည်ဖြစ်ကြောင်းပြောပါ။ ဆက်လက်၍ ကြာဖူးချိုးအကကို ယနေ့ သင်ပေးမည်ဟု ပြောပါ။

### သင်ကြားခြင်း

ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၂၉)၊ (၃၀) နှင့် (၃၁) တို့မှ ကကွက်အဆင့်များ သို့မဟုတ် ကကွက်ပုံများနှင့် သင်ထောက်ကူများကို ရည်ညွှန်း၍ ဆရာက ကျောင်းသားများအား သရုပ်ပြရှင်းလင်းပါ သို့မဟုတ် ဗီဒီယိုဖိုင်ဖွင့်ပြပါ။ ကကွက်အဆင့်များကို တစ်ဆင့်ချင်းသင်ကြားစဉ် သေချာစွာမှတ်သား၍ လိုက်ကရန် ပြောပါ။ သရုပ်ပြရှင်းလင်းစဉ် ကျောင်းသားများ သတိထားရမည့်အချက်များကို ပြောပြပါ။

### လေ့ကျင့်ခြင်း

ကကွက်အဆင့်များအတိုင်း သေချာစွာသင်ကြားပြီးပါက ကျောင်းသားနှစ်ဦး သို့မဟုတ် သုံးဦး ဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ ဆရာနှင့်အတူ လေ့ကျင့်ပါစေ။ ထိုသို့ လေ့ကျင့်ရာတွင် မှန်ကန်စွာ မကနိုင်သေးသော ကျောင်းသားများကို က နိုင်သည့် ကျောင်းသားများက ကူညီ၍ ပူးပေါင်းလေ့ကျင့်ပါစေ။ ကျောင်းသားတိုင်းပါဝင်နိုင်ရန်နှင့် စနစ်တကျရှိရန် ဆရာက ကြီးကြပ်ပေးပါ။ တစ်ဖွဲ့က က နေစဉ် ကျန်အဖွဲ့များက ကြည့်ရှုလေ့လာပါစေ။ အဖွဲ့လိုက် စည်းဝါးနှင့်အညီ ပျော်ရွှင်စွာ ကပါစေ။

### သတိပြုရန်အချက်

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၃၁) မှ အဓိကအချက်များကို ကျောင်းသားများနားလည်အောင် ရှင်းလင်းဆွေးနွေးပါ။



DBE BOX - Copyright Protected

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း**

တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ကြာဖူးချိုးအကကို လေ့ကျင့်နေစဉ် ဆရာက လိုက်ကြည့်၍ ကျောင်းသားများ စည်းဝါးတကျနှင့် ကကွက်မှန်စွာ က နိုင်ခြင်း ရှိ မရှိတို့ကို အကဲဖြတ်ပါ။ လိုအပ်ချက်များကို ဆရာက ဖြည့်စွက်သင်ကြားပေးပါ။ ကျောင်းသားအချင်းချင်း အကြံပြု၍ ကူညီလေ့ကျင့်ပါစေ။ ပိုင်နိုင်စွာ မကနိုင်သေးသည့် ကကွက်များကို ဆရာက ထပ်မံလေ့ကျင့်ပေးပါ။ စနစ်တကျ မကနိုင်သေးသည့် ကျောင်းသားများကို စနစ်ကျစွာ ကနိုင်သည့် ကျောင်းသားများက အချင်းချင်း ကူညီပေးပါ။

## ၂-၂-၃ ဘယ်လှန်ညာမှောက်နှစ်ဆင့်အကနှင့် ကြာဖူးချိုးအကတို့ကို စည်းဝါးဒိုးချက်တို့ဖြင့် လေ့ကျင့်ခြင်း စာသင်ချိန် (၃)

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

စည်းဝါး၊ ဘယ်လှန်ညာမှောက်နှစ်ဆင့်အကနှင့် ကြာဖူးချိုးအကတို့၏ ကကွက်ပုံများ (ကျောင်းသုံးစာအုပ်ပါ သရုပ်ဖော်ပုံများအပြင် သင်ထောက်ကူကားချပ် သို့မဟုတ် ဗီနိုင်းကားချပ်ပုံများ) ကို အသုံးပြုနိုင်သည်။ သင်ခန်းစာရှိ ကကွက်များပါသော ဗီဒီယိုဖိုင် (ကနည်းကဟန်) များကို ကြည့်ပြီး ဆရာက ကြိုတင်လေ့ကျင့်ထားပါ။

**သင်ခန်းစာမိတ်ဆက်ခြင်း**

ဆရာက ကျောင်းသားများအား စာသင်ချိန် (၁) နှင့် (၂) တွင် သင်ယူခဲ့သော ကကွက်များကို ကျောင်းသားများအား ပြန်လည်လေ့ကျင့်ကြမည်ဟု ပြောပါ။ လေ့ကျင့်ရာတွင် ခေါင်း၊ ခါး၊ ခြေ၊ လက်၊ စည်းဝါးမှန်စေရန် သတိပေးပါ။ လိုအပ်ပါက ပြုပြင်ပေးပါ။ ဆရာက စည်းနှင့်ဝါးကို တီးခတ်ပေးပါ။ ဆက်လက်၍ ယင်းဘယ်လှန်ညာမှောက်နှစ်ဆင့်အကနှင့် ကြာဖူးချိုးအကတို့ကို စည်းဝါးဒိုးချက်တို့ဖြင့် သင်ကြားလေ့ကျင့်မည်ဟု ပြော၍ နိဒါန်းပျိုးပါ။

DBE-BOX Copyright Protected

**သင်ကြားခြင်း**

ပထမဦးစွာ ဆရာက စည်းဝါးတီးခတ်၍ အခြေခံကဗျာလွတ်ကကွက်၏ ဒိုးချက်သံ (တို့ဗေဒိုးဗေ တို့ဗေဒိုးဗေ ပြေးပြေးတပ်ပြေး တပ်ပြေး တပ် ) ကို အသံဖိုင်ဖွင့်၍ဖြစ်စေ၊ နှုတ်မှရွတ်ဆို၍ဖြစ်စေ ကျောင်းသားများအား နားထောင်စေပါမည်။ ပထမ ၄ ဝါးရှိ ဒိုးချက်သံသည် ကရန် အသင့်အနေအထား (ခွင်) ပုံစံ ယူထားရန် ဖြစ်သည်။ ပဥ္စမမြောက်ဝါးချက်မှစ၍ အကစတင်ကြောင်း ရှင်းပြပါ။ ထို့နောက် ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၃၂) နှင့် (၃၃) တို့မှ ကကွက်အဆင့်များအတိုင်း ဆရာက ကပြပါ သို့မဟုတ် ဗီဒီယိုဖိုင် ဖွင့်ပြ၍ သရုပ်ပြရှင်းပါ။ ကျောင်းသားများအား ဆရာ က ပြသော ကကွက်တစ်ဆင့်ချင်းကို သေချာစွာ ကြည့်ရှုလေ့လာစေပြီး စည်းဝါးနေရာများအား မှတ်သား၍ လိုက်

ကရန် ပြောပါ။ စည်းဝါးဒိုးချက်မှန်မှန်နှင့် ခွင်ပုံစံမပျက် စနစ်တကျကရန် ဆရာက ကြီးကြပ်ပေးပါ။

**လေ့ကျင့်ခြင်း**

ကကွက်အဆင့်များအတိုင်း သင်ကြားလေ့ကျင့်ပြီးပါက ကျောင်းသားနှစ်ဦး သို့မဟုတ် သုံးဦးဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ ဆရာနှင့်အတူ လေ့ကျင့်ပါစေ။ ထိုသို့လေ့ကျင့်ရာတွင် မှန်ကန်စွာ မကနိုင်သေးသော ကျောင်းသားများကို ကနိုင်သည့် ကျောင်းသားများက ကူညီ၍ ပူးပေါင်းလေ့ကျင့်ပါစေ။ ကျောင်းသားတိုင်းပါဝင်နိုင်ရန်နှင့် စနစ်တကျရှိရန် ဆရာက ကြီးကြပ်ပေးပါ။ တစ်ဖွဲ့က က နေစဉ်ကျန်အဖွဲ့များက ကြည့်ရှုလေ့လာပါစေ။ အဖွဲ့လိုက် စည်းဝါးဒိုးချက်နှင့်အညီ ပျော်ရွှင်စွာ ကပါစေ။

**သတိပြုရန်အချက်များ**

- ပဉ္စမမြောက်ဝါးတွင် အကလှုပ်ရှားမှု စတင်ရန်ဖြစ်သော်လည်း ကကွက်သည် စည်းမှ စတင်သောကြောင့် ဝါးချက်တွင် မလှုပ်ရှားရပါ။ ပဉ္စမမြောက် စည်းတွင်သာ စတင်လှုပ်ရှားရန်ဖြစ်သည်။
- (တို့ဖေဒိုးဗေ တို့ဖေဒိုးဗေ ဖြေးဖြေးတပ်ဖြေး တပ်ဖြေး တပ်) ဒိုးချက်သည် အကစတင်ခြင်းနှင့် ကကွက်ကူးပြောင်းမှုများတွင် သတိပြုမိစေရန် အသုံးပြုသည်။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း**

တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ကကွက်များကို လေ့ကျင့်နေစဉ် ဆရာက လိုက်ကြည့်၍ စည်းဝါး မှန်ကန်စွာနှင့် ကကွက်မှန်ကန်စွာ က နိုင်ခြင်း ရှိ မရှိတို့ကို အကဲဖြတ်ပါ။ လိုအပ်ချက်များကို ဆရာက သင်ကြားပေးပါ။ ကျောင်းသားအချင်းချင်း အကြံပြု၍ ကူညီလေ့ကျင့်ပါစေ။ ပိုင်နိုင်စွာ မကနိုင်သေးသည့် ကကွက်များကို ဆရာက ထပ်မံလေ့ကျင့်ပေးပါ။ စနစ်တကျ မကနိုင်သေးသည့် ကျောင်းသားများကို စနစ်ကျစွာ ကနိုင်သည့် ကျောင်းသားများက အချင်းချင်း ကူညီပေးပါ။

**အခန်း (၂) အကပညာကို ပြန်လည်သုံးသပ်ခြင်း**

အခန်း (၂) အကပညာ ပြန်လည်သုံးသပ်ခြင်းကို ကျောင်းသုံးစာအုပ် စာမျက်နှာ (၃၄) တွင် ကျောင်းသားများနှင့်အတူ ပြန်လည်လေ့ကျင့်သုံးသပ်ပါ။

DBEBOX - Copyright Protected

# အခန်း (၃)

## အတီးပညာ

**စုစုပေါင်းစာသင်ချိန် ၈ ချိန်၊ တစ်ချိန် ၄၅ မိနစ်**

**သင်ယူမှုရလဒ်များ**

- "လှေတော်သံ" သီချင်းကို သံစဉ်စည်းဝါးမှန်ကန်စွာ ပလွေဖြင့် တီးမှုတ်သီဆိုတတ်မည်။
- "ကြိုဆိုပါသည်စုံညီပွဲတော်" သီချင်းကို ပလွေဖြင့် သံစဉ်မှန်ကန်စွာ တီးမှုတ်တတ်လာမည်။
- ဂီတသင်္ကေတလေ့ကျင့်ခန်းများကို ထပ်ကာထပ်ကာ လေ့ကျင့်တီးမှုတ်ခြင်းဖြင့် ကျေးလက်တေးများနှင့် အခြားတေးသီချင်းများကို ပလွေဖြင့် သံစဉ်မှန်ကန်စွာ လေ့ကျင့်တီးမှုတ်လာနိုင်မည်။

### ၃-၁ "လှေတော်သံ" သီချင်း စာသင်ချိန် ၃ ချိန်

**သင်ခန်းစာရည်ရွယ်ချက်**

- "လှေတော်သံ" သီချင်းကို သံစဉ်စည်းဝါးမှန်ကန်စွာ စည်းဝါးတီးခတ် ခံစားသီဆိုတတ်ရန်
- "လှေတော်သံ" သီချင်းကို ပလွေတူရိယာဖြင့် လက်တွေ့တီးမှုတ်တတ်ရန်နှင့် ဂီတသင်္ကေတဖြင့် ရွတ်ဆိုတတ်ရန်

### ၃-၁-၁ "လှေတော်သံ" သီချင်းကို အသံနေအသံထား၊ စည်းဝါးမှန်ကန်စွာ သီဆိုခြင်းနှင့် ဂီတသင်္ကေတကို ရွတ်ဆိုခြင်း စာသင်ချိန် (၁)

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

စည်း၊ ဝါး၊ ပလွေ၊ ကျောင်းသုံးစာအုပ်ပါ သီချင်းစာသားနှင့် ဂီတသင်္ကေတများ သို့မဟုတ် ဗီနိုင်းကားချပ်များကိုလည်း အသုံးပြုနိုင်ပါသည်။ "လှေတော်သံ" သီချင်းကို ဆရာက ဗီဒီယိုဖိုင် သို့မဟုတ် အသံဖိုင်အား ကြည့်ရှုနားထောင်ပြီး ဂီတသင်္ကေတနှင့်တကွ ကြိုတင်လေ့ကျင့်ထားပါ။

**သင်ခန်းစာမိတ်ဆက်ခြင်း**

ဆရာက ကျောင်းသားများအား မိမိတို့ သင်ယူခဲ့ဖူးသော သီချင်းများကို မေးမြန်းပါ။ ယင်းတို့ကို သီဆိုရာတွင် မည်သည့်တူရိယာတို့ဖြင့် တီးမှုတ်သီဆိုခဲ့ကြသည်ကိုလည်း မေးမြန်းပါ။ ကျောင်းသားများ၏ ဖြေဆိုမှုကို နားထောင်ပြီး လိုအပ်သည်များကို ဆရာက ဖြည့်စွက်ရှင်းလင်းပါ။ ထို့နောက် လှေလှော်သားများ လှေလှော်ရင်းသီဆိုလေ့ရှိသော "လှေတော်သံ" သီချင်းကို စည်းဝါးဖြင့် လက်တွေ့တီးခတ် သီဆိုလေ့ကျင့်ရမည်ဖြစ်ကြောင်းပြောပါ။

DBE BOX - Copyright Protected

**သင်ကြားခြင်း**

ပထမဦးစွာ "လှေတော်သံ" သီချင်းကို ဆရာက စည်းဝါးတီးခတ် သီဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ ကျောင်းသားများအား သီချင်းစာသားကို သေချာစွာကြည့်၍ နားထောင်စေပါမည်။ သီချင်းစာသားများအား အသံနေအသံထားမှန်ကန်စွာ လေ့ကျင့်သင်ယူပါစေ။ ဆက်လက်၍ ဆရာက "လှေတော်သံ" သီချင်းကို ဂီတသင်္ကေတဖြင့် သီဆိုပြပါ။ ဂီတသင်္ကေတများကို ဆရာက ရွတ်ဆိုစဉ် ကျောင်းသားများက သင်္ကေတအမှတ်အသားများကို သေချာစွာ ကြည့်ရှုမှတ်သားပြီး ဆရာ့နောက်မှ လိုက်ဆိုပါစေ။ ဆရာနှင့်အတူ ၃ ကြိမ်ခန့်လေ့ကျင့် သီဆိုပါစေ။ ကျောင်းသားများကိုယ်တိုင် စည်းဝါးတီးခတ်၍ ရွတ်ဆိုပါစေ။

**လေ့ကျင့်ခြင်း**

အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ "လှေတော်သံ" သီချင်းကို တစ်ဖွဲ့က စည်းဝါးတီးခတ်ပြီး ကျန်အဖွဲ့က ဂီတသင်္ကေတကို ရွတ်ဆိုပါစေ။ အချင်းချင်းအကဲဖြတ်ပါစေ။ အပြန်အလှန် အလှည့်ကျ သီဆိုပါစေ။ ကျောင်းသားတိုင်း ပါဝင်စေရန် ဆရာက ကြီးကြပ်ပေးပါ။

**သတိပြုရန်အချက်**

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၃၆) မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းလင်းဆွေးနွေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း**

အဖွဲ့လိုက် လေ့ကျင့်နေစဉ် ဆရာက လိုက်လံကြည့်ရှု၍ ကျောင်းသားအားလုံးပါဝင်မှု ရှိ မရှိတို့ကို အကဲဖြတ်ပါ။ ကျောင်းသားအချင်းချင်း အကြံပြုပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

**၃-၁-၂ "လှေတော်သံ" သီချင်းကို ပလွေဖြင့်တီးမှုတ်ခြင်း စာသင်ချိန် (၂)**

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

စည်း၊ ဝါး၊ ပလွေ၊ ကျောင်းသုံးစာအုပ်ပါ သီချင်းစာသားနှင့် ဂီတသင်္ကေတများ သို့မဟုတ် ဗီနိုင်းကားချပ်များကိုလည်း အသုံးပြုနိုင်ပါသည်။ "လှေတော်သံ" သီချင်းကို ဆရာက ဗီဒီယိုဖိုင် သို့မဟုတ် အသံဖိုင်အား ကြည့်ရှုနားထောင်ပြီး ဂီတသင်္ကေတများကို ပလွေနှင့်တကွ ကြိုတင်လေ့ကျင့်ထားပါ။

**သင်ခန်းစာမိတ်ဆက်ခြင်း**

ဆရာက ကျောင်းသားများအား စာသင်ချိန် (၁) တွင် သင်ယူခဲ့ရသော သီချင်းကို သီဆိုရာတွင်

တွေ့ရှိရသော အခက်အခဲများနှင့် စိတ်ခံစားမှုများကို မေးမြန်းပါ။ ကျောင်းသားများ၏ ဖြေဆိုမှုကို နားထောင်ပြီး လိုအပ်သည်များကို ဆရာက ဖြည့်စွက်ရှင်းလင်းပါ။ ဆက်လက်၍ ယင်းသီချင်းကို ပလွေဖြင့် တီးမှုတ်လေ့ကျင့်ရမည်ဖြစ်ကြောင်းပြောပါ။

## သင်ကြားခြင်း

ပထမဦးစွာ ဂီတသင်္ကေတလေ့ကျင့်ခန်းများကို လေ့ကျင့်တီးမှုတ်ရာတွင် အသံတစ်ဝက်နားခြင်းကို အဓိကထား၍လေ့ကျင့်ရန် လိုအပ်သည်။ 05, 03 (Quaver Rest) စသည့် သင်္ကေတများတွင် အသံတစ်ဝက်နားပြီးမှ 'ဆို၊ မီ' တို့ကို တီးမှုတ်ရန် ဖြစ်ပါသည်။ ပထမဘား၊ ဒုတိယဘား စသည်ဖြင့် လေ့ကျင့်ခန်း ၈ ဘားကို အဆင့်ဆင့် လေ့ကျင့်တီးမှုတ်ရပါမည်။ "လှေတော်သံ" သီချင်းကို ဆက်လက်တီးမှုတ်ရာတွင် ဂီတသင်္ကေတ ပထမ ၂ ဘားကို ဆရာက ပလွေဖြင့် လက်တွေ့တီးမှုတ်ပြပါ သို့မဟုတ် ဗီဒီယိုဖိုင်ဖွင့်ပြပါ။ ကျောင်းသားများအား သီချင်းစာသားကို ဂီတသင်္ကေတဖြင့် သေချာစွာ ကြည့်၍ နားထောင်ပါစေ။ ဂီတသင်္ကေတအမှတ်အသားများကို သေချာစွာကြည့်ရှုမှတ်သားပြီး ဆရာ့နောက်မှ လိုက်ဆိုပါစေ သို့မဟုတ် လက်တွေ့တီးမှုတ်ပါစေ။ ဆရာနှင့်အတူ ၃ ကြိမ်ခန့်လေ့ကျင့်တီးမှုတ်ပြီး ကျောင်းသားများကိုယ်တိုင် ဆက်လက်လေ့ကျင့်ပါစေ။ အထက်ပါနည်းအတိုင်း ဒုတိယ၊ တတိယနှင့် စတုတ္ထ ၂ ဘားစီတို့ကို ဆက်လက် လေ့ကျင့်သင်ကြားပေးပါ။

## လေ့ကျင့်ခြင်း

အဖွဲ့ သုံးဖွဲ့ ဖွဲ့၍ "လှေတော်သံ" သီချင်းကို တစ်ဖွဲ့က ဂီတသင်္ကေတ ရွတ်ဆိုခြင်း၊ အခြားအဖွဲ့က ပလွေတီးမှုတ်ခြင်းနှင့် ကျန်အဖွဲ့က သီချင်းသီဆိုခြင်းဖြင့် အဖွဲ့အားလုံး ပြိုင်တူသီဆိုတီးမှုတ် လေ့ကျင့်ပါစေ။ အချင်းချင်းပြန်လည်အကဲဖြတ်ပြီး ကျောင်းသားတိုင်းပါဝင်စေရန် ဆရာက လုပ်ဆောင်ပေးပါ။

## သတိပြုရန်အချက်

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၃၈) မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းလင်းဆွေးနွေးပါ။

## ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း

အဖွဲ့လိုက် လေ့ကျင့်နေစဉ် ဆရာက လိုက်လံကြည့်ရှု၍ ကျောင်းသားအားလုံးပါဝင်မှု ရှိ မရှိ တို့ကို အကဲဖြတ်ပါ။ ကျောင်းသားအချင်းချင်း အကြံပြုပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

DBE BOA - Copyright Protected

## ၃–၁–၃ "လေ့တော်သံ" သီချင်းကို ပလွေ၊ စည်းဝါး၊ အဆိုတို့ဖြင့် စုပေါင်းသီဆို တီးမှုတ်လေ့ကျင့်ခြင်း စာသင်ချိန် (၃)

### သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

စည်း၊ ဝါး၊ ပလွေ၊ ကျောင်းသုံးစာအုပ်ပါ သီချင်းစာသားနှင့် ဂီတသင်္ကေတများ သို့မဟုတ် ဗီနိုင်းကားချပ်များကိုလည်း အသုံးပြုနိုင်ပါသည်။ "လေ့တော်သံ" သီချင်းကို ဆရာက ဗီဒီယိုဖိုင် သို့မဟုတ် အသံဖိုင်အား ကြည့်ရှုနားထောင်ပြီး ဂီတသင်္ကေတများကို ပလွေနှင့်တကွ ကြိုတင်လေ့ကျင့်ထားပါ။

### သင်ခန်းစာမိတ်ဆက်ခြင်း

ဆရာက ကျောင်းသားများအား "လေ့တော်သံ" သီချင်းကို ပလွေ၊ စည်းဝါးတို့ဖြင့် သာယာနာပျော်ဖွယ်ဖြစ်စေရန် တီးမှုတ်လေ့ကျင့်ရမည်ဖြစ်ကြောင်း ပြောပါ။

### သင်ကြားခြင်း

ပထမဦးစွာ "လေ့တော်သံ" သီချင်းကို ဆရာက ဝါးလတ်စည်းဖြင့် တီးခတ်သီဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ စည်းချိန်မှန်မှန်ဖြင့် တီးခတ်ရသည်ကိုလည်းပြောပြပါ။ ကျောင်းသားများအား သီချင်းစာသားနှင့် ဂီတသင်္ကေတများကို သေချာစွာကြည့်ရှုမှတ်သားပါစေ။ ဆက်လက်၍ သီချင်းကို ဆရာက ပလွေဖြင့် လက်တွေ့တီးမှုတ်ပြပါ။ သံစဉ်အနိမ့်အမြင့်များကို သေချာစွာမှတ်သားပြီး ကျောင်းသားများကိုယ်တိုင် လေ့ကျင့်တီးမှုတ်ပါစေ။

### လေ့ကျင့်ခြင်း

အဖွဲ့သုံးဖွဲ့ ဖွဲ့၍ ပထမအဖွဲ့က သီချင်းကိုသီဆိုခြင်း၊ ဒုတိယအဖွဲ့က ပလွေတီးမှုတ်ခြင်းနှင့် တတိယအဖွဲ့က စည်းဝါးတီးခတ်ကာ "လေ့တော်သံ" သီချင်းကို စုပေါင်းသီဆို တီးမှုတ် လေ့ကျင့်ပါစေ။ အချင်းချင်းပြန်လည်အကဲဖြတ်ပြီး ကျောင်းသားတိုင်းပါဝင်စေရန် ဆရာက လုပ်ဆောင်ပေးပါ။

### သတိပြုရန်အချက်

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၃၉) မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းလင်းဆွေးနွေးပါ။

### ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း

အဖွဲ့လိုက် လေ့ကျင့်နေစဉ် ဆရာက လိုက်လံကြည့်ရှု၍ ကျောင်းသားအားလုံး ပါဝင်မှု ရှိ မရှိ တို့ကို အကဲဖြတ်ပါ။ ကျောင်းသားအချင်းချင်း အကြံပြုပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

## ၃–၂ "ကြိုဆိုပါသည်စုံညီပွဲတော်" သီချင်း စာသင်ချိန် ၃ ချိန်

### သင်ခန်းစာရည်ရွယ်ချက်

- "ကြိုဆိုပါသည်စုံညီပွဲတော်" သီချင်းကို သံစဉ်စည်းဝါးမှန်ကန်စွာ စည်းဝါးတီးခတ် သီဆိုတတ်ရန်
- "ကြိုဆိုပါသည်စုံညီပွဲတော်" သီချင်းကို ပလွေတူရိယာဖြင့် လက်တွေ့တီးမှုတ်တတ်ရန်နှင့် ဂီတသင်္ကေတဖြင့် ရွတ်ဆိုတတ်ရန်

## ၃–၂–၁ "ကြိုဆိုပါသည်စုံညီပွဲတော်" သီချင်းကို အသံနေအသံထား၊ စည်းဝါးမှန်ကန်စွာ သီဆိုခြင်းနှင့် ဂီတသင်္ကေတကို ရွတ်ဆိုခြင်း စာသင်ချိန် (၁)

DBE BOX - Copyright Protected

### သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

စည်း၊ ဝါး၊ ပလွေ၊ ကျောင်းသုံးစာအုပ်ပါ သီချင်းစာသားနှင့် ဂီတသင်္ကေတများ သို့မဟုတ် ဗီနိုင်းကားချပ်များကိုလည်း အသုံးပြုနိုင်ပါသည်။ "ကြိုဆိုပါသည်စုံညီပွဲတော်" သီချင်းကို ဆရာက ဗီဒီယိုဖိုင် သို့မဟုတ် အသံဖိုင်အား ကြည့်ရှုနားထောင်ပြီး ဂီတသင်္ကေတနှင့်တကွ ကြိုတင်လေ့ကျင့်ထားပါ။

### သင်ခန်းစာမိတ်ဆက်ခြင်း

ဆရာက ကျောင်းသားများအား မိမိတို့ သင်ယူခဲ့ဖူးသော သီချင်းများကို မေးမြန်းပါ။ ယင်းတို့ကို သီဆိုရာတွင် မည်သည့်တူရိယာတို့ဖြင့် တီးမှုတ်သီဆိုခဲ့ကြသည်ကိုလည်း မေးမြန်းပါ။ ကျောင်းသားများ၏ ဖြေဆိုမှုကို နားထောင်ပြီး လိုအပ်သည်များကို ဆရာက ဖြည့်စွက်ရှင်းလင်းပါ။ ထို့နောက် ကျောင်းသားများအား ပညာရေးစုံညီပွဲတော်များကို ကျောင်းတိုင်းတက်ညီလက်ညီ ကျင်းပနိုင်ရန် ရည်ရွယ်ရေးဖွဲ့ထားသော "ကြိုဆိုပါသည်စုံညီပွဲတော်" သီချင်းကို သင်ကြားမည်ဖြစ်ကြောင်းပြောပါ။

### သင်ကြားခြင်း

ပထမဦးစွာ "ကြိုဆိုပါသည်စုံညီပွဲတော်" သီချင်းကို ဆရာက စည်းဝါးတီးခတ် သီဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ ကျောင်းသားများအား သီချင်းစာသားကို သေချာစွာကြည့်၍ နားစွဲသည်အထိ နားထောင်ပါစေ။ သီချင်းစာသားများအား အသံနေအသံထား မှန်ကန်စွာ လေ့ကျင့်သင်ယူပါစေ။ ဆက်လက်၍ ဆရာက "ကြိုဆိုပါသည်စုံညီပွဲတော်" သီချင်း ပထမပိုဒ်ကို ဂီတသင်္ကေတဖြင့် သီဆိုပြပါ။ ဂီတသင်္ကေတများကို ဆရာက ရွတ်ဆိုစဉ် ကျောင်းသားများက သင်္ကေတအမှတ်အသားများကို သေချာစွာ ကြည့်ရှုမှတ်သားပြီး ဆရာ့နောက်မှ လိုက်ဆိုပါစေ။ ဆရာနှင့်အတူ ၃ ကြိမ်ခန့်လေ့ကျင့်သီဆိုပါစေ။ ကျောင်းသားများကိုယ်တိုင် စည်းဝါးတီးခတ်၍ ရွတ်ဆိုပါစေ။

**လေ့ကျင့်ခြင်း**

အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ "ကြိုဆိုပါသည်စုံညီပွဲတော်" သီချင်းကို တစ်ဖွဲ့က စည်းဝါးတီးခတ်ပြီး ကျန်အဖွဲ့က ဂီတသင်္ကေတကို ရွတ်ဆိုပါစေ။ အချင်းချင်းပြန်လည်အကဲဖြတ်ပြီး ကျောင်းသားတိုင်းပါဝင်စေရန် ဆရာက လုပ်ဆောင်ပေးပါ။

**သတိပြုရန်အချက်**

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၄၁) မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းလင်းဆွေးနွေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း**

အဖွဲ့လိုက် လေ့ကျင့်နေစဉ် ဆရာက လိုက်လံကြည့်ရှု၍ ကျောင်းသားအားလုံး ပါဝင်လုပ်ဆောင်မှု ရှိ မရှိ တို့ကို အကဲဖြတ်ပါ။ ကျောင်းသားအချင်းချင်း အကြံပြုပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက် သင်ကြားပေးပါ။

## ၃-၂-၂ "ကြိုဆိုပါသည်စုံညီပွဲတော်" သီချင်းကို ပလွေဖြင့်တီးမှုတ်ခြင်း စာသင်ချိန် (၂)

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

ပလွေ၊ ကျောင်းသုံးစာအုပ်ပါ သီချင်းစာသားနှင့် ဂီတသင်္ကေတများ သို့မဟုတ် ဗီနိုင်းကားချပ်များကိုလည်း အသုံးပြုနိုင်ပါသည်။ "ကြိုဆိုပါသည်စုံညီပွဲတော်" သီချင်းကို ဆရာက ဗီဒီယိုဖိုင် သို့မဟုတ် အသံဖိုင်အား ကြည့်ရှုနားထောင်ပြီး ဂီတသင်္ကေတများကို ပလွေနှင့်တကွ ကြိုတင်လေ့ကျင့်ထားပါ။

**သင်ခန်းစာမိတ်ဆက်ခြင်း**

ဆရာက ကျောင်းသားများအား "ကြိုဆိုပါသည်စုံညီပွဲတော်" သီချင်းသင်္ကေတများကို ပလွေဖြင့် သံစဉ်စည်းဝါးမှန်ကန်စွာ တီးမှုတ်လေ့ကျင့်ရမည်ဖြစ်ကြောင်း၊ သီချင်းတွင် Intro၊ အပိုဒ် (၁) နှင့် အပိုဒ် (၂) ဟူ၍ ၃ ပိုင်း ပါဝင်ကြောင်း ရှင်းပြပါ။

**သင်ကြားခြင်း**

ပထမဦးစွာ "ကြိုဆိုပါသည်စုံညီပွဲတော်" သီချင်း Intro နှင့် အပိုဒ် (၁) ရှိ တစ်ဘားချင်းစီကို ဆရာက ပလွေဖြင့် လက်တွေ့တီးမှုတ်ပြပါ သို့မဟုတ် အသံဖိုင်ဖွင့်ပြပါ။ ကျောင်းသားများအား ဂီတသင်္ကေတများကို သေချာစွာကြည့်၍ နားထောင်မှတ်သားပါစေ။ သင်္ကေတများကို သေချာစွာ မှတ်သားစေပြီး ဆရာ့နောက်မှလိုက်ဆိုပါစေ သို့မဟုတ် လက်တွေ့တီးမှုတ်ပါစေ။ ဆရာနှင့်အတူ ၃ ကြိမ်ခန့် လေ့ကျင့်တီးမှုတ်ပါစေ။ ကျောင်းသားများကိုယ်တိုင် လက်တွေ့တီးမှုတ်ပါစေ။ အထက်ပါနည်းအတိုင်း အပိုဒ် (၂) ကို ဆက်လက်လေ့ကျင့်သင်ကြားပါ။

**လေ့ကျင့်ခြင်း**

အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ "ကြိုဆိုပါသည်စုံညီပွဲတော်" သီချင်းကို တစ်ဖွဲ့က ပလွေတီးမှုတ်၍ ကျန်အဖွဲ့က ဂီတသင်္ကေတကို ရွတ်ဆိုပါစေ။ အချင်းချင်းအကဲဖြတ်ပါစေ။ အပြန်အလှန် အလှည့်ကျ သီဆိုပါစေ။ ကျောင်းသားတိုင်း ပါဝင်စေရန် ဆရာက ကြီးကြပ်ပေးပါ။ တစ်ဖန် အဖွဲ့သုံးဖွဲ့ ဖွဲ့၍ တစ်ဖွဲ့က ဂီတသင်္ကေတကို ရွတ်ဆိုခြင်း၊ တစ်ဖွဲ့က လက်ခုပ်တီးခြင်းနှင့် ကျန်တစ်ဖွဲ့က ပလွေတီးမှုတ်ကာ အဖွဲ့များအားလုံးပြိုင်တူလေ့ကျင့်ပါစေ။ အချင်းချင်း အပြန်အလှန် ဆွေးနွေးလေ့ကျင့်ပါစေ။

**သတိပြုရန်အချက်**

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၄၂) မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းလင်းဆွေးနွေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း**

အဖွဲ့လိုက် လေ့ကျင့်နေစဉ် ဆရာက လိုက်လံကြည့်ရှု၍ ကျောင်းသားအားလုံး ပါဝင်လုပ်ဆောင်မှု ရှိ မရှိကို အကဲဖြတ်ပါ။ ကျောင်းသားအချင်းချင်း အကြံပြုပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

## ၃-၂-၃ "ကြိုဆိုပါသည်စုံညီပွဲတော်" သီချင်းကို ပလွေ၊ စည်းဝါး၊ အဆိုတို့ဖြင့် စုပေါင်းသီဆိုတီးမှုတ်လေ့ကျင့်ခြင်း စာသင်ချိန် (၃)

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

စည်း၊ ဝါး၊ ပလွေ၊ ကျောင်းသုံးစာအုပ်ပါ သီချင်းစာသားနှင့် ဂီတသင်္ကေတများ သို့မဟုတ် ဗီနိုင်းကားချပ်များကိုလည်း အသုံးပြုနိုင်ပါသည်။ "ကြိုဆိုပါသည်စုံညီပွဲတော်" သီချင်းကို ဆရာက ဗီဒီယိုဖိုင် သို့မဟုတ် အသံဖိုင်အား ကြည့်ရှုနားထောင်ပြီး ဂီတသင်္ကေတများကို ပလွေနှင့်တကွ ကြိုတင်လေ့ကျင့်ထားပါ။

**သင်ခန်းစာမိတ်ဆက်ခြင်း**

ဆရာက ကျောင်းသားများအား "ကြိုဆိုပါသည်စုံညီပွဲတော်" သီချင်းကို ပလွေ၊ စည်းဝါးတို့ဖြင့် သာယာနာပျော်ဖွယ်ဖြစ်စေရန် တီးမှုတ်လေ့ကျင့်ရမည် ဖြစ်ကြောင်းပြောပါ။

**သင်ကြားခြင်း**

ပထမဦးစွာ "ကြိုဆိုပါသည်စုံညီပွဲတော်" သီချင်းကို ဆရာက ဝါးလတ်စည်းဖြင့် တီးခတ်သီဆိုပြပါ သို့မဟုတ် သီချင်းဖွင့်ပြပါ။ စည်းချိန်မှန်မှန်ဖြင့် တီးခတ်ရသည်ကိုလည်းပြောပြပါ။ ကျောင်းသားများ

DREBOX - Copyright Protected

အား သီချင်းစာသားနှင့် ဂီတသင်္ကေတများကို သေချာစွာကြည့်ရှုမှတ်သား၍ စည်းဝါးတီးခတ် သီဆို လေ့ကျင့်ပါစေ။ ဆက်လက်၍ သီချင်းအပိုဒ် (၁) ကို ဆရာက ပလွေဖြင့် လက်တွေ့တီးမှုတ်ပြပါ။ သံစဉ်အနိမ့်အမြင့်များကို သေချာစွာမှတ်သားပြီး ကျောင်းသားများကိုယ်တိုင် လေ့ကျင့်တီးမှုတ်ပါစေ။ အထက်ပါနည်းအတိုင်း ကျန်အပိုဒ်များကို အချိန်ရပါက ဆက်လက်သင်ကြားပါ။

## လေ့ကျင့်ခြင်း

အဖွဲ့ သုံးဖွဲ့ ဖွဲ့၍ "ကြိုဆိုပါသည်စုံညီပွဲတော်" သီချင်းကို တစ်ဖွဲ့က သီဆိုခြင်း၊ ကျန်အဖွဲ့များက ပလွေတီးမှုတ်ခြင်းနှင့် စည်းဝါးတီးခတ် လေ့ကျင့်ပါစေ။ အချင်းချင်းပြန်လည်အကဲဖြတ်ပြီး ကျောင်းသား တိုင်း ပါဝင်စေရန် ဆရာက လုပ်ဆောင်ပေးပါ။

## သတိပြုရန်အချက်

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၄၃) မှ အဓိကအချက်များကို ကျောင်းသားများ နားလည် အောင် ရှင်းလင်းဆွေးနွေးပါ။

## ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း

အဖွဲ့လိုက် လေ့ကျင့်နေစဉ် ဆရာက လိုက်လံကြည့်ရှု၍ ကျောင်းသားအားလုံးပါဝင်မှု ရှိ မရှိ တို့ကို အကဲဖြတ်ပါ။ ကျောင်းသားအချင်းချင်း အကြံပြုပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက် သင်ကြားပေးပါ။

## ၃–၃ အထွေထွေဗဟုသုတ စာသင်ချိန် ၂ ချိန်

## ၃–၃–၁ အလင်္ကာကျော်စွာဒေါ်စောမြအေးကြည် စာသင်ချိန် (၁)

## သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

ဆရာက ကျောင်းသုံးစာအုပ်ပါ ဒေါ်စောမြအေးကြည်အကြောင်းကို သေချာစွာ ဖတ်ရှုမှတ်သား ထားရမည်ဖြစ်သည်။

## သင်ခန်းစာမိတ်ဆက်ခြင်း

ဆရာက ကျောင်းသားများအား G-7, G-8 နှင့် G-9 တို့တွင် ဂီတပညာရှင်ကြီးများအကြောင်း သင်ကြားခဲ့ပြီးဖြစ်သည်။ ယခု G-10 တွင် ဂီတပညာကို စေတနာထက်သန်စွာဖြင့် ဝါသနာပါသူ များအား ဂီတပညာ ဖြန့်ဝေပေးခဲ့သော အလင်္ကာကျော်စွာဒေါ်စောမြအေးကြည်အကြောင်း ရှင်းလင်း သင်ကြားမည်ဖြစ်ကြောင်းပြော၍ နိဒါန်းပျိုးပါ။

DBE BOX - Copyright Protected

**သင်ကြားခြင်း**

ဆရာက ကျောင်းသုံးစာအုပ်ပါ အလင်္ကာကျော်စွာ ဒေါ်စောမြအေးကြည်၏ အတ္ထုပ္ပတ္တိ၊ ဒေါ်စောမြအေးကြည်အား သခင်မအမည်ပေးအပ်ခဲ့ပုံ၊ ရေးသားခဲ့သော သီချင်းအမျိုးအစားများ၊ သီဆိုခဲ့သော သီချင်းများ၊ ဂီတပညာဆည်းပူးခဲ့ပုံ၊ ထမ်းရွက်ခဲ့သောတာဝန်များနှင့် ရရှိခဲ့သောရာထူးများ အကြောင်း ရှင်းလင်းသင်ကြားပါ။

**လေ့ကျင့်ခြင်း**

အလင်္ကာကျော်စွာ ဒေါ်စောမြအေးကြည်အကြောင်းကို ကျောင်းသားများအား အုပ်စုလိုက် ဆွေးနွေးပါစေ။ ကျောင်းသားတိုင်း ပါဝင်နိုင်ရန် ဆရာကကြီးကြပ်ပေးပါ။ ဆရာက ကျောင်းသုံးစာအုပ်ပါ မေးခွန်းများကို မေးမြန်းဆွေးနွေးပါ။

၁။ အလင်္ကာကျော်စွာဒေါ်စောမြအေးကြည်သည် မည်သည့်သီချင်းအမျိုးအစားများကို ရေးသားခဲ့သနည်း။

၂။ အလင်္ကာကျော်စွာဒေါ်စောမြအေးကြည်သည် နိုင်ငံတော်အတွက် ဂီတအနုပညာဖြင့် မည်သို့ အကျိုးပြုဆောင်ရွက်ခဲ့ပုံကို ဆွေးနွေးပါ။

**မေးခွန်းများအတွက် အဖြေများ**

ကျောင်းသုံးစာအုပ် စာမျက်နှာ (၄၃) နှင့် (၄၄) ပါ အကြောင်းအရာများကို သေချာစွာ ဖတ်ရှု၍ ဆွေးနွေးဖြေဆိုပါစေ။

**သတိပြုရန်အချက်**

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၄၅) မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းလင်းဆွေးနွေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း**

အဖွဲ့လိုက် ဆွေးနွေးဖြေဆိုနေစဉ် ဆရာက လိုက်လံကြည့်ရှု၍ ကျောင်းသားများအားလုံး ပါဝင်ဆွေးနွေးမှု ရှိ မရှိတို့ကို အကဲဖြတ်ပါ။ ကျောင်းသားအချင်းချင်း အကြံပြုပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက် သင်ကြားပေးပါ။

**၃-၃-၂ လေမှုတ်တူရိယာများ** **စာသင်ချိန် (၂)**

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

ဆရာက ကျောင်းသုံးစာအုပ်ပါ လေမှုတ်တူရိယာများအကြောင်းကို သေချာစွာ ဖတ်ရှုမှတ်သားထားရမည်ဖြစ်သည်။



DBE BOX - Copyright Protected

## သင်ခန်းစာမိတ်ဆက်ခြင်း

ဆရာက ကျောင်းသားများအား မြန်မာ့အနုပညာ တူရိယာပစ္စည်းများကို မေးမြန်းပါ။ ကျောင်းသားများအား သေချာစွာ စဉ်းစားဖြေဆိုပါစေ။ ဖြေဆိုမှုကို နားထောင်ပြီး လိုအပ်သည်များကို ဆရာက ဖြည့်စွက်ပြောကြားပါ။ ထို့နောက် လေမှုတ်တူရိယာပစ္စည်းများအကြောင်း ရှင်းလင်းသင်ကြားမည် ဖြစ်ကြောင်းပြောပါ။

## သင်ကြားခြင်း

ဆရာက ကျောင်းသုံးစာအုပ်ပါ လေမှုတ်တူရိယာပစ္စည်းများအကြောင်း ရှင်းလင်းသင်ကြားပါ။ ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်ဟူ၍ ရှေးဦးတူရိယာ ၅ မျိုးရှိကြောင်း၊ ကြေးသတ္တုဖြင့် ပြုလုပ်ထားသောတူရိယာများ၊ ကြိုးတပ်တူရိယာများ၊ သားရေဖြင့်ပြုလုပ်ထားသော တူရိယာများ၊ လေမှုတ်တူရိယာများနှင့် စည်းချိန်တူရိယာများကို အသုံးပြုသော တီးဝိုင်းအဖွဲ့များကို ရှင်းလင်းသင်ကြားပါ။ ထို့နောက် လေမှုတ်တူရိယာပစ္စည်းအမျိုးအစားများကို ဖော်ပြပြီး အသုံးပြုပုံတို့ကိုလည်း ဆွေးနွေးသင်ကြားပါ။

## လေ့ကျင့်ခြင်း

လေမှုတ်တူရိယာပစ္စည်းများအကြောင်းကို ကျောင်းသားများအား အုပ်စုလိုက် ပြန်လည်ဆွေးနွေးပါစေ။ ကျောင်းသားတိုင်း ပါဝင်ဆွေးနွေးနိုင်ရန် ဆရာက ကြီးကြပ်ပေးပါ။ လိုအပ်သည်များကို ဆရာက ဖြည့်စွက်ဆွေးနွေးပါ။ ဆရာက ကျောင်းသုံးစာအုပ်ပါမေးခွန်းများကို မေးမြန်းဆွေးနွေးပါ။

၁။ သင်တို့သိရှိထားသော ရှေးဦးတူရိယာများကို ပြောပြပါ။

၂။ အိုးစည်၊ ဒိုးပတ်အဖွဲ့များတွင် တီးမှုတ်အသုံးပြုသော လေမှုတ်တူရိယာများကို ဖော်ပြပါ။

၃။ လေမှုတ်တူရိယာအမျိုးမျိုးကို မည်သည့်နေရာများတွင် အသုံးပြုသနည်း။

၄။ သင်တို့သိရှိထားသော လေမှုတ်တူရိယာပစ္စည်းများကို အချင်းချင်းမေးမြန်းပါ။

၅။ ပလွေနှင့် နှဲတူရိယာများကို မည်သည့်အဖွဲ့များတွင် ပါဝင်တီးမှုတ်နိုင်သနည်း။

## မေးခွန်းများအတွက်အဖြေများ

ကျောင်းသုံးစာအုပ် စာမျက်နှာ (၄၅) ပါ အကြောင်းအရာများကို သေချာစွာ ဖတ်ရှု၍ ဆွေးနွေး ဖြေဆိုပါစေ။

## သတိပြုရန်အချက်

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၄၆) မှ အဓိကအချက်များကို ကျောင်းသားများ နားလည်အောင် ရှင်းလင်းဆွေးနွေးပါ။

DBE BOX Copyright Protected

## ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း

အဖွဲ့လိုက် ဆွေးနွေးဖြေဆိုနေစဉ် ဆရာက လိုက်လံကြည့်ရှု၍ ကျောင်းသားများအားလုံး ပါဝင်မှု ရှိ မရှိ တို့ကို အကဲဖြတ်ပါ။ ကျောင်းသားအချင်းချင်း အကြံပြုပါစေ။ လိုအပ်လျှင် ဆရာက ဖြည့်စွက်သင်ကြားပေးပါ။

## အခန်း (၃) အတီးပညာကို ပြန်လည်သုံးသပ်ခြင်း

အခန်း (၃) အတီးပညာ ပြန်လည်သုံးသပ်ခြင်းကို ကျောင်းသုံးစာအုပ် စာမျက်နှာ (၄၇) တွင် ကျောင်းသားများနှင့်အတူ ပြန်လည်လေ့ကျင့်သုံးသပ်ပါ။

## မှီငြမ်းကိုးကားချက်များ

- ဘသောင်း၊ ဗိုလ်မှူး။ (၂၀၀၂) စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ ရန်ကုန်၊ ရာပြည့်။
- မြင့်ကြည်၊ ဦး။ (၂၀၀၁) မြန်မာ့တေးဂီတအနုစာပေသမိုင်း၊ ပညာရေးဝန်ကြီးဌာန။
- https://www.facebook.com/1642531262507069/videos/1770104183083109/
- https://www.facebook.com/1642531262507069/videos/1770100953083432/

DBE BOX - Copyright Protected